# နှစ်ပတ်လည် အစီရင်ခံစာ

၂၀၁၃

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

---

*နိုင်ငံရေးအကျဉ်းသားရှိနေသေးသ၍ အမျိုးသားပြည်လည်သင့်မြတ်ရေးမဖြစ်နိုင်*

---



## မာတိကာ

အတွင်းရေးမှူးရဲ့ စကား ............................ ....... ........................................... ၃

အေအေပီပီအကြောင်း........................................................................... ၄

မျှော်မှန်းချက်၊ ရည်ရွယ်ချက်.......................................................................... ၅

တနှစ်တာ ကာလအတွက် အကဲဖြတ် သုံးသပ်ချက်......................................... ၆

ကူညီထောက်ပံ့ရေးလုပ်ငန်း........................................................................... ၉

စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ပေးရေးအစီအစဉ်_ ........................................... ၁၁

ပညာရေးနှင့် သက်မွေးပညာရပ် အစီအစဉ် .................................................... ၁၄

ပြည်တွင်းတွင်းအားစိုက် လုပ်ဆောင်မှုများ .................................................... ၁၈

လက်ကျန်နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီ .................................. ၂၆

စည်းရုံးလှုံ့ဆော်ခြင်း ......... ...................................................................... ၃၀

သုတေသနနှင့်မှတ်တမ်း .......... ................................................................... ၃၁

နိုင်ငံတကာအသိုင်းအဝိုင်းမှ ဆက်လက်ထောက်ခံအားပေးခြင်း................. ၃၃

ထောက်ပံ့ကူညီသူများနှင့်အလှူရှင်များ......................................................... ၃၄

အနာဂတ်ခရီး............................................................................. ............. ၃၅

*Layout:* Naing Kyaw

## အတွင်းရေးမှူးရဲ့ စကား

၂၀၁၃ ခုနှစ်ဟာ နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း အတွက် ထူးခြားတဲ့နှစ်လို့ ပြောလို့ရပါတယ်။ ၂၀၀၀ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ အေအေပီပီအနေနဲ့ အတွင်းရေးမှူးနဲ့ တွဲဘက်အတွင်းရေးမှူးတို့ ဇန်နဝါရီလမှာပဲ မြန်မာနိုင်ငံကို ပြန်ဝင်ခဲ့တဲ့ နှစ်ဖြစ်ပါတယ်။ ကျနော့်အနေနဲ့ ဆိုရင်လည်း နယ်စပ်ကိုထွက်လာတဲ့ ၁၆ နှစ်တာကာလအတွင်းမှာ မှာ ပထမဆုံး ပြည်တွင်းကို ပြန်လည် ခြေချခဲ့ရတဲ့နှစ်ပါ။



*အေအေပီပီအနေနဲ့ ပထမအကြိမ် ဝင်ခွင့်ရတဲ့ အချိန်မှာပဲ နိုင်ငံရေးအကျဉ်းသား အမိပ္ပာယ် ဖွင့်ဆိုချက်၊ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးနဲ့ လွတ်မြောက်ပြီး နိုင်ငံရေး အကျဉ်းသားတွေရဲ့ ဘဝပြန်လည် ထူထောင်ရေး တို့အတွက် သက်ဆိုင်တဲ့ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအချို့၊ အစိုးရအဖွဲ့၊ နိုင်ငံခြား သံတမန် တွေနဲ့ တွေ့ဆုံဆွေးနွေးတာတွေ ပြုလုပ်ခဲ့တယ်။*

အေအေပီပီအဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ လက်ကျန်နိုင်ငံအကျဉ်းသားစိစစ်ရေးကော်မတီရဲ့ စိစစ်တောင်းဆိုချက်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာပေမယ့် သမ္မတ ဦးသိန်းစိန် ကတိပြုထားအတိုင်း တော့ ဖြစ်မလာဘဲ ၂၀၁၃ အကုန်မှာ လက်ကျန်နိုင်ငံရေးအကျဉ်းသား ၃၀ ဦးဆက်ရှိနေခဲ့တယ်။ အေအေပီပီအနေနဲ့ ပြည်တွင်းမှာ ရုံးခန်းဖွင့်နိုင်ခဲ့တယ်။ အေအေပီပီရဲ့ လုပ်ငန်းစဉ်များကို ပိုမို ဆောင်ရွက်နိုင်ခဲ့သလို အခြားမဟာမိတ်များနဲ့လည်း ပူးပေါင်းလုပ်ဆောင်ခွင့်တွေရခဲ့တယ်။

သို့သော်လည်း မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ မရှိသေးပါဘူး။ အခွင့်အရေးအတွက် ဆန္ဒထုတ်ဖော်သူတွေ၊ ကူညီသူတွေကို ပုဒ်မ အမျိုးမျိုးတပ်ပြီး ဖမ်းဆီး၊ ထောင်ချမှုတွေရှိနေတုန်းပါပဲ။ မြေယာသိမ်းဆည်းမှုတွေ ရှိနေဆဲပါပဲ၊ ညှဉ်းပန်း နှိပ်စက်မှုတွေ၊ အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုတွေ၊ လူကုန်ကူးမှုတွေ၊ မတရားအခွန်ကောက်ခံမှုတွေ၊ လာဘ်စားမှုတွေ ရှိနေတုန်းပါပဲ။

အေအေပီပီအနေနဲ့ကတော့ လာမည့်နှစ်မှာ လုပ်ရမယ့် အစီအစဉ်တွေကို စနစ်တကျရေးဆွဲထားပြီး ဒီအစီအစဉ်တွေကို မဖြစ်မနေ အကောင်အထည်ဖော် ဆောင်သွားမှာပါ။ ကျန်ရှိနိုင်ငံရေး အကျဉ်းသားအားလုံးလွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသားများနဲ့ အကျဉ်းသားဟောင်းတွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ကူညီထောက်ပံ့ရေး ကိစ္စတွေကို ဆက်လက်ပြီး ဆောင်ရွက်သွားမှာပါ။



တိတ်နိုင်
အတွင်းရေးမှူး
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

## နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအကြောင်း

အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံကို စွန့်ခွာလာခဲ့ကြသော နိုင်ငံရေး အကျဉ်းသားဟောင်းအချို့သည် ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင် အတူတကွ စုစည်းမိခဲ့ကြပါသည်။ ထိုနိုင်ငံရေးအကျဉ်းသား ဟောင်းများသည် မြန်မာ့ဒီမိုကရေစီ ရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ လုပ်ဆောင်ရင်း မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းချခံနေရသော ၄င်းတို့နှင့်ဘဝတူ နိုင်ငံရေး အကျဉ်းသားများအား တတ်နိုင်သလောက် ကူညီပေးနိုင်ရန်အတွက် အဖွဲ့အစည်းအခု တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

နောက်ပိုင်းတွင် ထိုနိုင်ငံရေးအကျဉ်းသားဟောင်းများဖြင့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP)ကို ၁၉၈၈ ခုနှစ် အရေးတော်ပုံကို ဦးဆောင်ခဲ့ခြင်းကြောင့် ဖမ်းဆီးထိမ်းသိမ်းခံနေရသော ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကို ဂုဏ်ပြုသောအားဖြင့် သူထောင်သွင်း အကျဉ်းချခံခဲ့ရသည့် (၁၁) နှစ်မြောက်နေ့နှင့် ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း ၁၂၄ နှစ်မြောက်မွေးနေ့ဖြစ်သည့် ၂၀၀၀ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

အေအေပီပီသည် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွတ်မြောက်မှသာ စစ်မှန်သော ဒီမိုကရေစီ အပြောင်းအလဲ၏ ပထမအဆင့် ခြေလှမ်းဖြစ်သည်နှင့်အညီ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ခြေလှမ်း စတင်သည်ဟု ယုံကြည်ခြင်းကြောင့် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွတ်မြောက်ရေးအတွက်ကိုသာ စဉ်ဆက်မပြတ်တောင်းဆိုခဲ့ပါသည်။

အေအေပီပီတွင် တာဝန်ထမ်းဆောင်နေကြသူများသည် နိုင်ငံရေး အကျဉ်းသား ဟောင်းများ ဖြစ်ကြပြီး နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ လွတ်မြောက်ရေးအတွက် နိုင်ငံရေးအကျဉ်းသားများ အခြေအနေကို နိုင်ငံတကာက သိလာစေရန် စည်းရုံးလှုံ့ဆော်မှုများ အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုသို့သော ဆောင်ရွက်ချက်များကြောင့် အေအေပီပီသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အသိအမှတ်ပြုခြင်းခံရသော အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ ထောင်သွင်းအကျဉ်းချခံရခြင်းက နိုင်ငံရေးအကျဉ်းသားဟောင်းများကို သာမက သူတို့၏ မိသားစုဝင်များကိုပါ စိတ်ပိုင်း၊ ရုပ်ပိုင်း ဒဏ်ရာများ ရစေသည်ကို လေ့လာတွေ့ရှိပါသည်။ ထို့အတွက်ကြောင့်လည်း နိုင်/ကျဉ်းဟောင်းများနှင့် သူတို့မိသားစုဝင်များ အတွက် ကျန်းမာရေး၊ ပညာရေး နှင့် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အေအေပီပီမှ တတ်နိုင်သမျှ ကူညီမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

*၂၀၁၃ ခုနှစ်အတွင်း အေအေပီပီ ရုံးချုပ်တွင် အချိန်ပြည့် ဝန်ထမ်း (၁၄) ဦး ရှိသည်။ အေအေပီပီ ရုံးခွဲများ ကိုလည်း ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်ထားပြီး ရန်ကုန်ရုံးခွဲတွင် ဝန်ထမ်းအင်အား ၂၅ ဦးနှင့် မန္တလေးတွင် ၅ ဦး အေအေပီပီ၏ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။*

*ပြင်သစ်၊ အမေရိကန်၊ ဒိန်းမတ်၊ ဗြိတိန် နှင့် ဂျပန် နိုင်ငံများမှ လုပ်အားပေး (၈) ဦး အေအေပီပီရုံးတွင် လုပ်အားပေး ခဲ့သည်။*

*အေအေပီပီမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ် အိုဂျေ ကင်တာနား၊ တောင်အာဖရိကမှ ဘုန်းတော်ကြီး ဒက်စမွန်တူးတူး၊ အမေရိကန် သမ္မတဟောင်း ဘီလ် ကရင်တန်၊ ခရိုအေးရှား ဝန်ကြီးချုပ်ဟောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရေးဆိုင်ရာ သုတေသီများ၊ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။*

*အေအေပီပီရုံးချုပ်တွင် ပြခန်းငယ်တခု ရှိပြီး မြန်မာနိုင်ငံအကျဉ်းထောင်များ အခြေအနေ၊ နိုင်ငံရေးအကျဉ်းသား များ၏အခြေအနေတိုကို ခင်းကျင်းပြသ ထားသည်။ ထိုပြခန်းသို့ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတကာမှ လေ့လာသူ ၈၀၀ ကျော် လာရောက်လည်ပတ် ကြည့်ရှုခဲ့သည်။*

## မျှော်မှန်းချက်

**မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိသော နိုင်ငံဖြစ်လာစေရန်နှင့် လူ့အခွင့်ရေးကို အပြည့်အဝ အာမခံနိုင်သော အခင်းအကျင်းများ ပေါ်ပေါက်လာစေရန်**

## ဦးတည်ချက်

**နိုင်ငံရေးအကျဉ်းသားများ အားလုံး ချွင်းချက်မရှိလွတ်မြောက်ရေးနှင့် လွတ်မြောက်လာပြီးသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်တွင် လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းစွာ ပါဝင်လာနိုင်ရေး။**

**ကျနော်တို့၏ ယုံကြည်ချက်**

*နိုင်ငံရေးလွတ်လပ်ခွင့်သည် အခြေခံလူ့အခွင့်အရေးများ၏ အဓိကအချက်ဖြစ်သည်။*

*နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့်၄င်းတို့၏ မိသားစုများ အားလုံးအတွက် ကျန်းမာရေးကုသခံရမှုများ ပညာသင်ယူနိုင်မှုများ ရရှိသင့်သည်။*

*မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေး အကျဉ်းသားအားလုံးအား ချွင်းချက်မရှိ ပြန်မလွတ်ပေးပါက အမျိုးသား ပြန်လည်သင့်မြတ်ရေးမဖြစ်ပေါ်နိုင်ပါ။*

## ရည်ရွယ်ချက်

၁။ မြန်မာနိုင်ငံ အကျဉ်းထောင်များထဲတွင် ရှိနေသည့် နိုင်ငံရေး အကျဉ်းသားများ၏ ဖိနှိပ်ညှဉ်းပန်းခံနေရသည့် အခြေအနေများကို နိုင်ငံတကာ လူ့အဖွဲ့အစည်းများ သိရှိနိုင်ရေးအတွက် ဖော်ထုတ်ရန်။

၂။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်နေမှုများကို ဟန့်တားနိုင်ရေးအတွက် နိုင်ငံတကာအသိုင်းအဝန်းမှ စစ်အစိုးရ အား ဖိအားပေးလာစေရန်။

၃။ လက်ရှိ မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန်နှင့် ၄င်းတို့၏ လိုအပ်ချက်အခြေအနေများကို စနစ်တကျ ကူညီထောက်ပံ့နိုင်ရန်။

၄။ ပြစ်ဒဏ်ကုန်ဆုံး၍ အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ် အသီးသီးတွင် ရပ်တည်ခွင့်မရအောင် စစ်အစိုးရအနေဖြင့် အမျိုးမျိုးဟန့်တားနှောက်ယှက်နေခြင်းမှ ကာကွယ်ပေးရန်။

၅။ ပြစ်ဒဏ်ကုန်ဆုံး၍ အကျဉ်းထောင်အသီးသီးမှ လွတ်မြောက် လာသည့် နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး အတွက် နည်းလမ်းများ ရှာဖွေကူညီသွားရန်။

## တစ်နှစ်ကာလအတွက် အကဲဖြတ်သုံးသပ်ခြင်း

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက် လွှတ်ပေးခဲ့ပါသည်။ လက်ကျန်နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီ၏ ထောက်ခံချက်ဖြင့် ၂၀၁၃ ခုနှစ်အတွင်း အဓိကအနေဖြင့် အကျဉ်းသားများ (၆) ကြိမ် လွှတ်ပေးခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း (၃၂၅) ယောက် အကန့်အသတ်ဖြင့် လွတ်မြောက်ခဲ့ပါသည်။ သို့သော်လည်း ဒီမိုကရေစီ အကူးအပြောင်းကာလတွင် ၂၀၁၃ ခုနှစ်သည် ဆန္ဒပြမှု ပြဿနာများ ဆက်လက်ဖြစ်ပွါးနေသည့်နှစ် တစ်နှစ်ပင် ဖြစ်ပါသည်။ ပြီးခဲ့သော တစ်နှစ်ကျော်ကာလအတွင်း အများအားဖြင့် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြမှုကြောင့် တစ်ခုတည်းသော ဥပဒေပုဒ်မ ပုဒ်မ-(၁၈) ဖြင့် အကြိမ်ပေါင်းများစွာ တရားစွဲခံခဲ့ရသော များစွာသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် ၂၀၁၃ ခုနှစ်တွင် လွတ်မြောက်ခဲ့ပါသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ဖမ်းဆီးခံရမှု ပြန်လည် ဖမ်းဆီးခံရမှုများသည် ပြီးခဲ့သော ၁၂ လ ကျော်ကာလအတွင်း ပုံမှန်ဖြစ်ရပ်တစ်ခုကဲ့သို့ပင် လွန်စွာဖြစ်ပျက်ခဲ့ပါသည်။ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြမှုနှင့် သက်ဆိုင်သော ပုဒ်မ (၁၈) ကို အာဏာပိုင်များမှ ပိုမိုအသုံးပြုလာခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးလွတ်လပ်မှုကို ပျောက်ဆုံးသွားစေပါသည်။ နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာပြီးနောက် ၎င်းတို့အခြေအနေ များကို စိုးရိမ်ပူပန်နေရမှုသည် ဆက်လက်ဖြစ်ပွါးလျက်ရှိပါသည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခဲ့သော်လည်း ထိုနှစ်အကုန်တွင် နိုင်ငံရေးအကျဉ်းသား (၃၀) ဦး မြန်မာနိုင်ငံအကျဉ်းထောင်များတွင် ဆက်လက်ထိန်းသိမ်းခံနေရသည်ဟု အေအေပီပီ မှ ခန့်မှန်းခဲ့ပါသည်။ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမှတ် ၅၁/၂၀၁၃ သည် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြမှုနှင့်သက်ဆိုင်သော ပုဒ်မ (၁၈) နှင့် ပုဒ်မ (၅၀၅ (ခ)) အပါအဝင် အခြားဥပဒေ ပုဒ်မများနှင့် တရားစွဲခံခဲ့ရသော များစွာသော တက်ကြွလှုပ်ရှားသူများအား အမှုများမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သလို နိုင်ငံရေးအကျဉ်းသား (၅) ဦးကိုလည်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် လွတ်မြောက်လာစေခဲ့ပါသည်။ သို့ရာတွင် ထိုလွတ်ငြိမ်းချမ်းသာခွင့် အမိန့်သည် တက်ကြွလှုပ်ရှားသူများအား တရားစွဲရန် အသုံးပြုခဲ့သည့် ထိုဥပဒေပုဒ်မများအား ပယ်ဖျက်ခြင်း (သို့) ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို မဖြစ်ပေါ်စေခဲ့ပါ။ တက်ကြွလှုပ်ရှားသူများအနေဖြင့် သူတို့အား ဖမ်းဆီးနိုင်သည့် ထိုဥပဒေပုဒ်မများ ရှိနေကြောင်း သိရှိကာ နိုင်ငံရေးအလုပ်များအား ဆက်လက် လုပ်ဆောင်နေကြပါသည်။ တက်ကြွလှုပ်ရှားသူများအား လွှတ်ပေးလိုက်ခြင်းသည် ကောင်းမွန်သော ခြေလှမ်းတစ်ရပ်အဖြစ် သိသာထင်ရှား သော်လည်း ၂၀၁၄ ခုနှစ်တွင် နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူများအား ဆက်လက်ဖိနှိပ်မှု ဖမ်းဆီးမှုများ ဆက်လက်ဖြစ်ပေါ်နေပါသည်။ ပုဒ်မ(၁၈)ကို တက်ကြွလှုပ်ရှားသူများအား ဖိနှိပ်ရေး ကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်းသည် နိုင်ငံရေးအရ ဆန္ဒပြသူများအား ဖမ်းဆီးမှု၊ ဒဏ်ငွေချမှတ်မှု နှင့် ထောင်သွင်းအကျဉ်းချမှု အရေအတွက်ကို တိုးမြင့်စေပါသည်။ ကျော်ကြားသော တက်ကြွလှုပ်ရှားသူများဖြစ်ကြသည့် ဒေါ်နော်အုန်းလှနှင့် ကိုထင်ကျော်တို့သည် ပုဒ်မ (၁၈) နှင့် ပုဒ်မ (၅၀၅ (ခ)) တို့ဖြင့် အကြိမ်ကြိမ်ဖမ်းဆီးခံရခြင်း၊ ပြန်လွှတ်ပေးခြင်း၊ ပြန်လည်ဖမ်းဆီးခံရခြင်းများကို တစ်နှစ်ပတ်လုံး တွေ့ကြုံခဲ့ရပါသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် သမ္မတ ဦးသိန်းစိန်သည် ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသား အကုန်လုံးအား ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် လွှတ်ပေးမည်ဟု ကတိပြုခဲ့ပါသည်။ ဒီဇင်ဘာလတွင် နိုင်ငံရေး အကျဉ်းသား များအား လွှတ်ပေးပြီးနောက် မြန်မာအစိုးရမှ သူတို့ကတိတည်ကြောင်း ပြောကြားခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား (၃၀) ဦးသည် နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီ စာရင်းအရ အကျဉ်းထောင်များအတွင်း ကျန်ရှိနေပါ သေးသည်။ ထိုသူများနှင့်အတူ တရားရင်ဆိုင်နေရသော တက်ကြွလှုပ်ရှားသူ (၁၀၀) ကျော်သည်လည်း လွတ်ငြိမ်းချမ်းသာခွင့် မရရှိခဲ့ကြပါ။ သမ္မတဦးသိန်းစိန်၏ ကတိဖြစ်သော ၂၀၁၃ ခုနှစ် နှစ်ကုန်လောက်တွင် နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေးမည်ဆိုသော ကတိမတည်ခဲ့ပါ။ ယခုတရားရင်ဆိုင်နေရသော တက်ကြွလှုပ်ရှားသူများသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား မျိုးဆက်သစ်များ ဖြစ်လာပါလိမ့်မည်။

၂၀၁၃ ခုနှစ်တွင် မိမိတို့၏ တောင်းဆိုမှုအား သမ္မတမှ ကတိမတည် အသိအမှတ်မပြုသည့်အတွက် မိမိတို့အေအေပီပီ၏ တောင်းဆိုမှုသည် ယခုအချိန်အထိလည်း ယခင် ၂၀၁၃ ခုနှစ် ကဲ့သို့ပင် ဖြစ်ပါသည်။ မိမိတို့ အေအေပီပီ အနေဖြင့် ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများ အားလုံးအား လုံးဝချွင်းချက်မရှိ လွှတ်ပေးရန်အတွက် ဆက်လက်တောင်းဆိုပါသည်။ မိမိတို့၏ တောင်းဆိုမှုသည် ယခုထက်တိုင် လျစ်လျူရှုခံထားရပါသည်။ ပြီးခဲ့သောနှစ်များအတွင်းက လွှတ်မြောက်ခဲ့သော နိုင်ငံရေးအကျဉ်းသား အားလုံးသည် ၎င်းတို့၏ ဘဝများနှင့် လွတ်လပ်ခွင့်များအတွက် အလွန် အန္တရာယ်များသော အခြေအနေများ ဆက်လက်ဖြစ်ပေါ်စေသည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ- (၄၀၁) အရ လွှတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပုဒ်မ- (၄၀၁) ဖြင့် လွှတ်မြောက်လာခဲ့ခြင်းသည် အကျဉ်းထောင်မှ အမှန်တကယ်လွတ်မြောက်မှုကို လုံးဝပျက်ပြားစေသည်။ နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်ဂိတ်မှ လွတ်မြောက်လာသည့်တိုင် ၎င်းတို့အပေါ် ဖိနှိပ်ချုပ်ချယ် ကန့်သတ်မှုများ မပြီးဆုံးသေးပါ။ နိုင်ငံရေးအကျဉ်းသားဟု အသိအမှတ်မပြုသည့်အတွက် သူတို့အနေဖြင့် ရာဇဝတ်မှု မှတ်တမ်းရှိသူများအဖြစ် ဂုဏ်သိက္ခာထိခိုက်စွာ နေထိုင်နေရပါသည်။

ထိုဖြစ်ရပ်သည် ၎င်းတို့၏ဘဝ နှင့် အနာဂတ် အစီအစဉ်များ ပြန်လည်တည်ဆောက်ရာတွင် အခက်အခဲများစွာ ဖြစ်ပေါ်စေပါသည်။ ထိုမမျှတ မမှန်ကန်သော ရာဇဝတ်မှုမှတ်တမ်း ထင်ကျန်နေမှုကြောင့် ပညာရေးအခွင့်အလမ်းများ၊ ခရီးသွားလာခွင့်၊ အလုပ်အကိုင်ရရှိမှု စသည်များအတွက် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့အေအေပီပီသည် နိုင်ငံရေးအကျဉ်းသားတို့၏ အခြေခံအခွင့်အရေးများ ငြင်းဆန်ခံနေရမှု ပပျောက်စေရန်အတွက် ၂၀၁၃ ခုနှစ် တစ်လျှောက်လုံး ကြိုးစားအားထုတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံရေးအကျဉ်းသားများ၏ အခန်းကဏ္ဍသည် အဓိကဖြစ်သည်ဟု မိမိတို့ယုံကြည်သောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် အခြားနိုင်ငံသားများကဲ့သို့ပင် အခွင့်အရေးများ ရရှိသင့်ပါသည်။

## တက်ကြွလှုပ်ရှားသူများ၏အရေးအား အဓိကထားပြီးသုံးသပ်ခြင်း

နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုထင်ကျော်သည် ကုန်စျေးနှုန်းကျဆင်းရေးနှင့် ဒီမိုကရေစီအရေး အဆက် မပြတ် လှုပ်ရှားမှုများအဖွဲ့ (MDC) နှင့် (MDCF) တို့၏ ဦးဆောင်သူ တစ်ဦးဖြစ်ပါသည်။ သူသည် ၂၀၁၃ ခုနှစ်အတွင်း ရာဇသတ်ကြီး ပုဒ်မ-(၁၈) ဖြင့် (၁၀) ကြိမ်၊ ပုဒ်မ- (၅၀၅ (ခ)) ဖြင့် (၂) ကြိမ် တရားရင်ဆိုင်ခဲ့ရပါသည်။ ၂၀၁၃ ခုနှစ် ဒီဇဘာ်လ အစတွင် သူသည် အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သော်လည်း နောက်ထပ် ပုဒ်မ-(၁၈) တစ်ခုဖြင့် ချက်ခြင်း ထပ်မံဖမ်းဆီး အကျဉ်းချခံရကာ ၂၀၁၃ ခုနှစ် နှစ်ကုန်တွင်မှသာ လွတ်မြောက်လာခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကိုထင်ကျော်သည် အခြားရာဇဝတ်ပုဒ်မဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ကိုထင်ကျော်၏ အမှုဖြစ်စဉ်သည် အစိုးရမှ ပုဒ်မ-(၁၈) အား အသုံးပြုပြီး နိုင်ငံရေးအကျဉ်းသားများအပေါ် လွတ်လပ်စွာ ဆက်လက် ဖိနှိပ်မှုကို သိသာထင်ရှားစေသည် ဥပမာ တစ်ခုပင် ဖြစ်သည်။

ဒေါ်နော်အုန်းလှသည်လည်း ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေး အတွက် ဆုတောင်းပွဲ ပြုလုပ်ပေးခြင်း၊ လက်ပန်းတောင်းတောင် ကြေးနီမိုင်း စီမံကိန်းအား ဆန့်ကျင် ဆန္ဒပြခြင်းတို့ကြောင့် ပုဒ်မ-(၁၈) နှင့် (၅၀၅ (ခ)) တို့ဖြင့် အကြိမ်ပေါင်းများစွာ တရားစွဲခံခဲ့ရပါသည်။ နယ်မြေခံတို့၏ မြေယာများကို သိမ်းပြီး လုပ်ဆောင်ခဲ့သည် ကြေးနီစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများသည် ရဲများ၏ ဖမ်းဆီး အကြမ်းဖက်ခံရခြင်းများ ကြုံတွေ့ခဲ့ရပါသည်။




*ကိုထင်ကျော်အားရုံးထုတ်စဉ်*

ဒေါ်နော်အုန်းလှအား ရဲများမှ အတင်းအကြပ်ဖမ်းဆီးစဉ်တွင် သူမ၏အင်္ကျီများစုတ်ပြဲသွားခဲ့ကာ ပုဒ်မ-(၁၈) နှင့်လည်း တရားရင်ဆိုင်ခဲ့ရပါသည်။ သူမသည် သူမအားစီရင်သည့် တရားကြားနာမှုကို ဆန့်ကျင်သည့်အနေဖြင့် အကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြခဲ့ပါသည်။

ထိုဖြစ်ရပ်များသည် အထူးသဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြေယာသိမ်းမှုများကို ဆန့်ကျင်ဆန္ဒပြမှုများမှ ဆက်လက်ဖမ်းဆီးခံနေရသော တက်ကြွလှုပ်ရှားသူ တစ်ချို့၏ ဥပမာများ ဖြစ်ပါသည်။ မြေယာအရေး တက်ကြွလှုပ်ရှားသူများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံရှိ နေရာတော်တော်များများအား မရောက်ရှိနိုင်မှု သတင်းအချက်အလက် ရရှိရန် ခက်ခဲမှုတို့ကြောင့် ထိုသူများ၏ အရေအတွက်အတိအကျအား မသိရှိနိုင်သေးပါ။

ယခုအစိုးရလက်ထက်တွင် ကိုယ်ထိလက်ရောက် ညှင်းပမ်းနှိပ်စက်မှုသည် မပျောက်ကွယ်သေးပဲ လူ့အခွင့်အရေးအတွက် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ညှင်းပမ်းနှိပ်စက်မှုများ ခံနေရပါသည်။ ဒေါ်နော်အုန်းလှ နှင့် ၎င်းကိုထောက်ခံသူများ ဖမ်းဆီးခံရစဉ်တွင် ရဲများမှ မတရား အတင်းအကြပ်ဖမ်းဆီးခဲ့ပါသည်။ ကချင်အမျိုးသား ဦးလထော်ဘရန်ရှောင်သည် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နဲ့ ဆက်စပ်မှုရှိသည်ဆိုကာ ၂၀၁၂ ခုနှစ်တွင် ဖမ်းဆီး ခံခဲ့ရပါသည်။ ဦးလထော်ဘရန်ရှောင် (KIA) နှင့် ဆက်စပ်မှု ရှိသည်ဟု သက်သေ မပြနိုင်သော်လည်း သူအား အချုပ်ထဲတွင် ဖမ်းဆီးထားစဉ်အတွင်း နှိပ်စက်ရိုက်နက်ကာ အတင်းအကြပ် ဝန်ခံခိုင်းခဲ့သည်ဟု ၂၀၁၃ ခုနှစ် သူ တရားရင်ဆိုင်နေရသော အချိန်ကာလအတွင်း လထော်ဘရန်ရှောင်မှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ လထော်ဘရန်ရှောင်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် လွတ်မြောက်ခဲ့ပါသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရွှေစက် ဒုက္ခသည်စခန်းမှ ဘရန်ရှန်း၊ လဖိုင်ဂမ်၊ လရိန် တို့အား ဖမ်းဆီးပြီး ကချင်လွတ်မြောက်ရေး တပ်ဖွဲ့နှင့် ဆက်သွယ်သည်ဆိုကာ သက်သေ မပြနိုင်ဘဲ ညှင်းပန်း နှိပ်စက် ဝန်ခံခိုင်းရုံမက ယောကျာ်းချင်း အတင်းအကြပ် လိင်တူ ဆက်ဆံခိုင်းသည်မှာ လူ့အသိုင်းအဝိုင်းတွင် လုံးဝလက်မခံနိုင်သည့် အဆိုးရွားဆုံးသော လူ့အခွင့် အရေး ချိုးဖောက်မှုပင်ဖြစ်သည်။ အာဏာပိုင်များက ရာဇဝတ်မှုကျူးလွန် လိုက်ခြင်းလည်း ဖြစ်ပေသည်။

> *"ကိုနေမျိုးဇင်ရဲ့ အမှုဆိုရင် ပုဒ်မ ၄၀၁ နဲ့ လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသား ထောင်ပေါင်းများစွာကို အကြွင်းမဲ့ မလွတ်မြောက် သေးဘူးဆိုတာကို တိကျခိုင်မာသော သတင်းစကား ပေးပို့လိုက်ခြင်းပဲဖြစ်တယ်။ တဆက်တည်းမှာ ကိုနေမျိုးဇင်ရဲ့ ထောင်ဒဏ်ဟာ လွတ်မြောက်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို ခြိမ်းခြောက်လိုက်တာဖြစ်ပြီး ဒီမိုကရေစီရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သူတို့ရဲ့ လွတ်လပ်စွာ ပါဝင်ခွင့် ထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်လိုက်တာပဲဖြစ်တယ်။"*
>
> *တိတ်နိုင် (အတွင်းရေးမှူး)*

၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ သတင်းထောက်များ လူ့အခွင့်အရေးလှုပ်ရှားသူများ၏ အခြေအနေသည် အပြင်ပန်းမှ ကြည့်လျှင် တိုးတက်မှုရှိပုံပေါ်သော်လည်း နိုင်ငံရေးအကျဉ်းသားများအပေါ် ဖိနှိပ်ညှင်းပမ်းမှုသည် ရပ်တန့်မသွားပဲ ဆက်လက်ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆက်လက်ဖြစ်ပေါ်နေမှုသည် အခြေခံလူ့အခွင့်အရေးများကို အမှန်တကယ် ဖေါက်ဖျက်နေခြင်းဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားများ၏ စိတ်ပိုင်း ရုပ်ပိုင်းများအား ဖိနှိပ်ညှင်းပမ်းမှုများဖြစ်စေကာ နိုင်ငံရေးဆန္ဒပြမှုများအတွက် လုံခြုံစိတ်ချရသော ဝန်းကျင်ကောင်းကိုဖြစ်စေရန်အတွက်လည်း အနည်းငယ်သာ အထောက်အကူဖြစ်ပေါ်စေပါသည်။

## ကူညီထောက်ပံ့ရေး

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းသည် နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသား ဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအား ၂၀၁၃ ခုနှစ်တွင် ရရှိထားသည့် အလှူငွေများ၏ မှဘောင်အတွင်းမှ ကူညီထောက်ပံ့ခြင်းလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ခဲ့သည်။

### နိုင်ငံရေးအကျဉ်းသားဟောင်းများအား ကူညီထောက်ပံ့ခြင်း

အေအေပီပီသည် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် မိသားစုများကို အောက်ပါအတိုင်း ကူညီထောက်ပံ့ခဲ့သည်။

#### တက္ကသိုလ်အဆင့်

တက္ကသိုလ်နှင့် ဘွဲ့လွန်အတန်း တက်ရောက်နိုင်ရန် အတွက် **၅၉** ဦးအားထောက်ပံ့နိုင်ခဲ့သည်။

#### အသက်မွေးဝမ်းကျောင်းပညာရပ်

ကွန်ပြူတာသင်တန်းအပါအဝင် အသက်မွေးကျောင်း ပညာရပ်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်း **၁၈၈** ဦးအား ကူညီထောက်ပံ့ပေးခဲ့သည်။

#### သားသမီးများ ပညာသင်ထောက်ပံ့ကြေး

နိုင်ငံရေးအကျဉ်းသားနှင့် နိုင်ငံရေးအကျဉ်းသား ဟောင်းများ၏ ကလေးများ မူလတန်းမှ အထက်တန်း အထိ ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် **၂၃၄** ဦးအား ကူညီထောက်ပံ့ခဲ့သည်။

#### မိသားစုများအားကူညီထောက်ပံ့ခြင်း

ကလေးများ၏ တက္ကသိုလ် ပညာရေးအတွက် **၃၄** ဦးအား ကူညီထောက်ပံ့ခဲ့သည်။ စစ်ကြောရေးနှင့်အကျဉ်းထောင် အတွင်း ကျဆုံးသွားသော နိုင်/ကျဉ်းသားမိသားစုများ အား ပထမ အကြိမ်အဖြစ် မိသားစု **၅၅** စုအား ကူညီထောက်ပံ့ခဲ့သည်။

### နိုင်ငံရေးအကျဉ်းသားများအား ကူညီထောက်ပံ့ခြင်း

အေအေပီပီသည် ၂၀၁၃ ခုနှစ်အတွင်း လက်ရှိ နိုင်ငံရေးအကျဉ်းသားများအား နိုင်ငံရေး အကျဉ်းသားများ ကျန်းမာရေးနှင့် ထောင်ဝင်စာအတွက် **၁၈၈** ဦး၊ အရေအတွက်အားဖြင့် **၄၃၈** ကြိမ် ကူညီထောက်ပံ့ ပေးခဲ့သည်။

#### နိုင်/ကျဉ်းဟောင်း ကျန်းမာရေး

၂၀၁၃ ခုနှစ်အတွင်း လတ်တလော လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသား **၁၄၆** ဦးအား ကျန်းမာရေး စစ်ဆေးနိုင်ရန် အတွက် ကူညီ ထောက်ပံ့ပေးခဲ့သည်။

#### စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ပေးရေးအစီအစဉ်

နိုင်/ကျဉ်းဟောင်းနှင့် ၎င်းတို့၏မိသားစု **၁၆၅** ဦးအား စိတ်ဖိစီးမှုများ လျော့ကျစေရန်အတွက် စနစ်တကျ ကူညီဖြေရှင်း ပေးခဲ့သည်။

#### ကောင်စယ်လာ သင်တန်း

စိတ်ပိုင်းဆိုင်ရာပြည်လည်မြှင့်တင်ပေးရေးလုပ်ငန်းစဉ်ကို စနစ်တကျ ကူညီဖြေရှင်းပေးနိုင်အတွက် ကောင်ဆယ် လာ **၁၃** ဦးအား သင်တန်းများ စီစဉ်ပေးခဲ့သည်။

#### ဆေးကုသမှုအတွက်ကူညီခြင်း

ကျန်မာရေးဆိုးရွားသည့် နိုင်ငံရေးအကျဉ်းဟောင်း **၁၀၇** ဦး အား ဆက်လက်ဆေးဝါးကုသနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးခဲ့သည်။

## နိုင်ငံရေးအကျဉ်းသားများအား ကူညီထောက်ပံ့မှု အစီအစဉ်

လက်ရှိအကျဉ်းကျနေသော နိုင်ငံရေးအကျဉ်းသားတို့၏ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်စိတ်ချရရေးသည် မိမိတို့အေအေပီပီ နှင့် မိမိတို့အား ထောက်ခံသူများ/ထောက်ပံ့ကူညီသူများ၏ အဓိကအရေးတစ်ခုဖြစ်ပါသည်။ အကျဉ်းထောင်များ၊ ရဲစခန်းများအတွင်းရှိ အချုပ်ခန်းများတွင် နိုင်ငံရေးအကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှု နှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ အကျဉ်းထောင်များ၏ စနစ်သည် ယခုထက်တိုင် မမျှတ လွန်စွာဆိုးဆိုးရွားရွားဖြစ်နေဆဲ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တစ်လျှောက်လုံး ထိုကာလတွင် အကျဉ်းကျနေသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ (၁၈၈) ဦးကို စုစုပေါင်း (၄၃၈) ကြိမ် အေအေပီပီမှ အကူအညီအထောက်အပံ့များ ပေးခဲ့ပါသည်။ မြန်မာအစိုးရ၏ အကျဉ်းထောင်များအတွင်း အကျဉ်းကျခံနေရသူများသည် စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုဝေဒနာများ ရှိသောကြောင့် မိမိတို့မှ အထောက်အပံ့အကူအညီများအား ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပေးအပ်ခဲ့ပါသည်။

နိုင်ငံရေးအကျဉ်းသားများအား ဝေးကွာသောထောင်များတွင် အကျဉ်းချထားခြင်း (သို့) ၎င်းတို့အား ထောင်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခြင်းများသည် မိသားစုဝင်များ စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် ငွေကြေးပိုင်ဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ တွေ့ကြုံရသည့် တရားရုံးဖြစ်စဉ်သည် ပုံမှန်အားဖြင့် အချိန်ကြန့်ကြာခြင်း၊ ငွေကြေးအကုန်အကျ များခြင်းတို့ကြောင့် ၎င်းတို့၏မိသားစုများသည် မိသားစု၏အဓိက ပုံမှန်ဝင်ငွေများထဲမှ ထိုတရားရုံးစရိတ်များအတွက် အကုန်အကျခံသုံးစွဲခဲ့ကြရပါသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများမှ ၎င်းတို့မတရားစွပ်စွဲခံရကာ ထောင်ချခံရမှုတို့ကြောင့် အပိုအပြစ်ဒဏ်အနေဖြင့် မိသားစုဝင်များအား ပျက်ဆီးဆုံးရှုံးမှုများစွာဖြစ်ပေါ်စေသည်။ မိသားစုများမှ လက်ရှိကာလတွင် အကျဉ်းကျခံနေရသူ ၎င်းတို့၏မိသားစုဝင် နိုင်ငံရေးအကျဉ်းသားများထံသို့ ထောင်ဝင်စာသွားရောက်တွေ့ဆုံနိုင်ရန်အတွက် မိမိတို့အေအေပီပီမှ လက်လှမ်းမီသမျှကို ငွေကြေးအထောက်အပံ့ ပေးခဲ့သလို ထို ၂၀၁၃ ခုနှစ်တွင် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများအား သူတို့၏ထောင်တွင်း လိုအပ်ချက်များအတွက် ငွေကြေးအကူအညီများ ပေးနိုင်ရန် ပြည်တွင်းမှ မိမိတို့၏ ကွန်ရက်များကိုလည်း အသုံးပြုခဲ့ပါသည်။

အစိုးရမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ထိန်းချုပ်ရန်အတွက် အသုံးပြုခဲ့သည့် အမျိုးမျိုးသော နည်းပရိယာယ်များသည် စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှုများဖြစ်ပြီး တက်ကြွလှုပ်ရှားသူများသည် ထောင်ချခံရမှုကြောင့် ထိခိုက်နာကျင်ရယုံမျှမက ၎င်းတို့၏မိသားစုဝင်များ သူတို့၏အနာဂတ်များပါ ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ အာဏာရှင်အစိုးရသည် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၏စိတ်ဓါတ်နှင့် ၎င်းတို့၏နိုင်ငံရေးအလုပ်များကို ဆက်လက် မလုပ်ဆောင်နိုင်ရန် ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ မိမိတို့အနေဖြင့် တတ်နိုင်သလောက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ထောက်ပံ့ကူညီသွားမည်ဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်များထဲတွင် အထီးကျန် ဖြစ်နေရခြင်းမျိုး မဟုတ်ပဲ နိုင်ငံရေးနယ်ပယ် အသီးသီးမှ ၎င်းတို့အား ထောက်ခံနေကြောင်းကို မိမိတို့မှ တတ်နိုင်သလောက် စည်းရုံး လှုံ့ဆော်ပြီး အထောက်အကူပြုသွားမည်ဖြစ်သည်။

> *"မြန်မာနိုင်ငံရှိနိုင်ငံရေးအကျဉ်းသားဟောင်း တွေဟာ မြန်မာ့လူမှုအဖွဲ့အစည်းမှာ အံဝင်ခွင်ကျဖြစ်အောင် ပြည်လည် နေထိုင်ဖို့အတွက် အလွန်ခက်ခဲပါတယ်။ အကျဉ်းထောင်ထဲမှာနေရတာက ဒီကနေ့ ခေတ်သစ် ကမ္ဘာကြီးနဲ့ ဝေးကွာနေဆဲပါပဲ။ နိုင်ငံရေးအကျဉ်းသားမိသားစု အများစုဟာ စားဝတ်နေရေး အတော်ခက်ခဲနေတာကြောင့် ထောင်ဝင်စာဆိုတာလည်း ပုံမှန်မတွေ့နိုင်ကြပါဘူး။. ဒါဟာသိပ်ကို ကြီးမားတဲ့ စိန်ခေါ်မှုပါပဲ"*
>
> ဘိုကြည်(တွဲဖက်အတွင်းရေးမှူး)

အကျဉ်းထောင်များအတွင်းတွင် ကျန်းမာရေးချို့တဲ့နေသော နိုင်ငံရေး အကျဉ်းသားများ၏ အခြေအနေများကိုလည်း မိမိတို့ အေအေပီပီမှ သတင်းများရယူကာ လစဉ်သတင်းထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားအများစုသည် ကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်ဖြင့် ရရှိခြင်း (သို့) လုံးဝမရရှိကြပဲ လက်တလောကာလတွင် ထိုကျန်းမာရေး စောင့်ရှောက်မှု လစ်လပ်နေမှုကို ဖြည့်ဆည်းပေးရန် နိုင်ငံတကာ ကူညီထောက်ပံ့ရေးအဖွဲ့များမှ အနည်းငယ်သော ကူညီထောက်ပံ့မှုများ ပေးအပ်နေကြသည်။

နိုင်ငံရေးအကျဉ်းသားများအတွက် ဆေးဝါးကုန်ကျစရိတ် နှင့် အခြေခံဆေးကုသမှု ပေးနိုင်ရန်အတွက် မိမိတို့အေအေပီပီမှ တတ်နိုင်သလောက်ငွေကြေးထောက်ပံ့မှုပေးခဲ့သည်။ မိမိတို့မှ ထိုကဲ့သို့ ပြုလုပ်ပေးနိုင်ခြင်းဖြင့် အကျဉ်းထောင်များအတွင်း ယိုယွင်းသွားခဲ့သော နိုင်ငံရေးအကျဉ်းသားတို့၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများ သက်သာလာနိုင်မည်ဟု မိမိတို့မှ မျှော်လင့်မိပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရသည့် မည်သည့်ကာလတွင်မဆို အကျဉ်းထောင်အတွင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူတို့၏ စိတ်အခြေအနေသည် ကြမ်းတမ်း ဆိုးရွားလှသည့် ခြိမ်းခြောက်မှု၊ နှောက်ယှက်ခံရမှုများ အောက်တွင် ရှိနေရပါသည်။ ဖတ်စရာစာအုပ်များ၊ ရေးစရာ စာရွက်စာတမ်းများ မကြာခဏ ပိတ်ပင်တားဆီးနေခြင်းသည်လည်း တက်ကြွလှုပ်ရှားသူတို့၏ အသိဉာဏ်ဖွံ့ဖြိုးရေးကို များစွာထိခိုက်စေသည်။ နိုင်ငံရေးအကျဉ်းသားတို့၏ မိသားစုများ (သို့) မိမိတို့၏ ပြည်တွင်းကွန်ရက်အဆက်အသွယ်များမှ နိုင်ငံရေးအကျဉ်းသားများအား ထောင်ဝင်စာတွေ့နိုင်ခြင်းဖြင့် ထိုနိုင်ငံရေးအကျဉ်းသားများအား မိမိတို့၏ စုစည်းညီညွတ်မှုနှင့် စိတ်ဓါတ်ပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုကို ပြသနိုင်မည်ဟု မျှော်လင့်ပါသည်။

နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်လာပြီးနောက် ထိုနိုင်ငံရေးအကျဉ်းသားဟောင်းများအနေဖြင့် ပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုများ ရရှိရန် ၎င်းတို့၏လိုအပ်ချက်များအား တတ်နိုင်သလောက် ဖြည့်ဆည်းပေးသည့် ပြည်တွင်းကွန်ရက်အုပ်စုများမှ ၎င်းတို့အားဆက်သွယ်၍ ကူညီမှုများ ပြုလုပ်လျှက်ရှိသည်။

## စိတ်ပိုင်းဆိုင်ရာ ပြန်လည် မြှင့်တင်ပေးရေး အစီအစဉ်

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ထောင်တွင်းတွင်နေထိုင်ခဲ့မှုများကြောင့်ဖြစ်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများသည် ပြင်းထန်သော စိတ်ဒဏ်ရာဖြစ်စေသည့်အတွက် ပစ်ပယ်ထား၍မရနိုင်ပေ။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် မတရားသဖြင့် ညှင်းပန်းနှိပ်စက်၊ ထောင်ချခံခဲ့ကြရသည့်အတွက် တိတိကျကျ သတ်မှတ်ရန်ခက်ခဲသော စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်မှုများကို ကာလကြာရှည်စွာ မကြာခဏ ခံစားကြရပေသည်။ ထိုသို့ ထောင်ကျခဲ့ရသည့်အတွက်ဖြစ်ခဲ့သော စိတ်ပိုင်းဆိုင်ရာအခက်အခဲများကို ကူညီကုစားပေးနိုင်ရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းသည် စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ပေးရေးအစီအစဉ် (Mental Health Assistance Program- MHAP) ကို မြန်မာနိုင်ငံအတွင်းသို့ ၂၀၁၃ ခုနှစ်တွင် တိုးချဲ့ပြုလုပ်ခဲ့သည်။ ယခင်က ငွေကြေးအရင်းအမြစ်နှင့် စိတ်ဒဏ်ရာဖြစ်မှုကို နားလည်မှုအားနည်းခဲ့ခြင်းများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်း များအတွက် ထိုသို့စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့ပေးမှု အားနည်းခဲ့ရသည်။ ထိုသို့ အားနည်းနေသော စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ပေးရေးကို လုပ်ဆောင်နိုင်ရန်အတွက် အေအေပီပီ သည် လွန်ခဲ့သော ၁၂ လ ကျော်ကာလတွင် ပြည့်စုံသော စိတ်ကျန်းမာရေးဆိုင်ရာ ကူညီပေးမှုအစီအစဉ်တခုကို စတင်လုပ်ဆောင်ခဲ့ပါသည်။ စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ပေးရေး အစီအစဉ်သည် ပထမဦးစွာ ဂျွန်ဟော့ကင်း တက္ကသိုလ် (Johs Hopkins University) မှ ဒေသဆိုင်ရာ သင်တန်းနည်းပြများနှင့် တွဲဖက်၍ နိုင်ငံရေးအကျဉ်းသားဟောင်းများကို စိတ်ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကောင်စယ်လာ (Coulselor) များဖြစ်စေရန် လေ့ကျင့်သင်ကြားပေးခဲ့သည်။ သင်တန်းကာလမှာ တိုက်ရိုက်သင်တန်းပေးခြင်း၊ အုပ်စုလိုက် ကုထုံးများကို ပြန်လည်လေ့ကျင့်ခြင်းနှင့် လေ့ကျင့်မှု ကလိုင်းယန့် (Client) ကို ကုသမှုပေးခြင်းတို့အပါအဝင် စုစုပေါင်း (၆) လ ခန့်ကြာမြင့်သည်။ ထိုသို့လေ့ကျင့်မှုကာလတလျှောက်လုံးတွင် ဒေသဆိုင်ရာ ကြီးကြပ်ရေးမှူး (Supervisor) များသည် မိမိတို့အဖွဲ့ရှိ ကောင်ဆယ်လာများ၏ လုပ်ငန်းများနှင့်ပတ်သက်၍ အပတ်စဉ် စူပါဗေးရှင်း အစည်းအဝေး (Supervision meeting) ပြုလုပ်၍ အကြံဉာဏ်ပေးခြင်း၊ ကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူးချုပ်ထံ အပတ်စဉ်တင်ပြ၍ အကြံဉာဏ်များရယူခြင်း လိုအပ်သော သင်ပြမှုများကို ဆက်လက်ရယူခြင်းတို့ ပြုလုပ်ရသည်။ ကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူးချုပ်သည်လည်း အပတ်စဉ်အခြေအနေအသေးစိတ်နှင့် လိုအပ်သော အချက်အလက်ဖြည့်သွင်းမှုများကို JHU မှ သင်တန်းဆရာများထံ skype မှ တဆင့် အပတ်စဉ် တင်ပြအစီရင်ခံရပြီး လိုအပ်သောအကြံဉာဏ်များ ရယူရပါသည်။

သင်တန်းပြီးဆုံးပြီးနောက်ကောင်စယ်လာများသည် MHAP ဆန်းစစ်မှု နည်းစနစ်အရ စိတ်ဒဏ်ရာနှင့် စိတ်ဓာတ်ကျမှု သတ်မှတ်ချက်ပြည့်မီသည့် နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် ၎င်း တို့၏မိသားစုဝင်များအား လုံခြုံစိတ်ချမှုရှိစွာ သီးသန့်ဖြစ်သော တဦးချင်းကောင်စယ်လင်း (Individual Coulseling) ပေးခြင်းကို အရေအတွက် တိုးချဲ့ လုပ်ဆောင်ကြသည်။ ထိုကဲ့သို့ ကုသမှုပေးချိန်တွင်လည်း လေ့ကျင့်မှုကာလ နည်းတူ ဒေသဆိုင်ရာစူပါဗိုက်ဆာများသည် မိမိတို့ အဖွဲ့ရှိ ကောင်စယ်လာများ၏ လုပ်ငန်းများနှင့်ပတ်သက်၍ အပတ်စဉ် စူပါပေးရှင်းအစည်းအဝေးပြုလုပ်၍ ကုသမှုဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူးချုပ်ထံ အပတ်စဉ် တင်ပြ၍ အကြံဉာဏ်များရယူခြင်း လိုအပ်သော သင်ပြမှုများကို ဆက်လက်ရယူခြင်းတို့ ပြုလုပ်ရသည်။ ကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူးချုပ်သည်လည်း အပတ်စဉ် အခြေအနေအသေးစိတ်နှင့် လိုအပ်သော အချက်အလက်ဖြည့်သွင်းမှုများကို JHU မှ သင်တန်းဆရာများထံ skype မှတဆင့် အပတ်စဉ် တင်ပြအစီရင်ခံရပြီး လိုအပ်သောအကြံဉာဏ်များ ရယူရပါသည်။ ထို့ကြောင့် နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုဝင်များသည် မိမိတို့၏ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များ ထံမှ စိတ်ကျန်းမာရေးဆိုင်ရာ စနစ်ကျသော၊ အရည်အချင်း ပြည့်မီသည့် ကောင်စယ်လင်းကို ရရှိနိုင်ခဲ့ကြသည်။

*နိုင်ငံရေးအကျဉ်းသားတွေဟာ အကျဉ်းထောင်ထဲက လွတ်မြောက်လာကြသော်လည်း သူတို့ရဲ့ အမှုတွဲတွေ၊ မိသားစုအချို့ဟာ အကျဉ်းထောင်မှာ ကျန်ရစ်နေတုန်းပါပဲ။ ဒါဟာလည်း သူတို့ကို စိတ်ဒဏ်ရာတွေ ရရှိစေတာဖြစ်ပါတယ်။*

*ဘိုကြည်(တွဲဖက်အတွင်းရေးမှူး)*

ထိုသို့ ကောင်စယ်လာအသစ်များကို ထပ်မံသင်တန်းပေးခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ စိတ်ကျန်းမာရေးအဖွဲ့ ကို ပိုမိုအင်အားကောင်းမွန်စေပြီး တိုးချဲ့လုပ်ဆောင်နိုင်စေပါသည်။ ထိုသင်တန်းတွင် အရည်အချင်းပြည့်မီသော သင်တန်းနည်းပြများ၊ ကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူးများ၊ ကောင်စယ်လာများ ဖြစ်စေရန်အတွက် အေအေပီပီ၏ မိတ်ဖက်အဖွဲ့တခု ဖြစ်သော အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်း တက္ကသိုလ် မှနည်းစနစ်ဆိုင်ရာ ကြီးကြပ်မှု ပြုလုပ်ပေးခဲ့သည်။

ထို့ပြင် ဂျွန်ဟော့ကင်းတက္ကသိုလ်သည် ထိုအစီအစဉ်၏ တိုးတက်မှုအခြေအနေများကို သိရှိနိုင်ရန်၊ လာမည့် ၂ နှစ်တာ ကာလတွင် ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ၎င်းတို့၏ နည်းစနစ်များသည် မြန်မာနိုင်ငံအတွက် ထိရောက် အောင်မြင်နိုင်မှု ရှိကြောင်း သေချာစေရန်အတွက် စောင့်ကြည့်မှု (Monitoring) နှင့် အကဲဖြတ်မှု (Evaluation) ကို ပြုလုပ်လျှက်ရှိသည်။

ထိုသို့ တန်ဘိုးရှိသည့် စိတ်ကျန်းမာရေးအစီအစဉ်ကို ၂၀၁၃- ၂၀၁၄ ခုနှစ်တွင် ရန်ကုန်နှင့်မန္တလေးမြို့များတွင် တိုးချဲ့ လုပ်ဆောင်ရန် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ အေအေပီပီ ရုံးချုပ်မှ စီစဉ်ဆောင်ရွက်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ကုသမှုဆိုင်ရာကြီးကြပ်ရေးမှူး (၂) ဦး၊ ကောင်စယ်လာအသစ် (၈) ဦးကို လွန်ခဲ့သော ၁၂ လ က ထပ်မံခန့်ထားခဲ့သည်။

ယခုအခါ စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးအစီအစဉ်ကို ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့်ပူးပေါင်းလျှက် မြန်မာနိုင်ငံတွင်းရှိ ဒေသ ၂ ခုတွင်တိုးချဲ့ လုပ်ဆောင်အကောင်အထည်ဖော်လျှက်ရှိသည်။ ထို့ပြင် ကုသမှုပေးနိုင်ခဲ့ခြင်းကြောင့် AAPP-Bနှင့်

နိုင်ငံရေးအကျဉ်းသားဟောင်းအသိုင်းအဝိုင်းများအကြား ပူးပေါင်း လုပ်ဆောင်နိုင်မှု၊ ဆက်ဆံရေးတိုးတက်မှုများကို အထောက်အကူဖြစ်စေခဲ့ပါသည်။

ထို့ပြင် ဂျွန်ဟော့ကင်း တက္ကသိုလ်မှ နည်းပြဆရာများသည် အေအေပီပီ စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေး အစီအစဉ်ကို သီးခြားလွတ်လပ်စွာ ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းပြဆရာများကို လေ့ကျင့် သင်ကြားပေးခြင်း သင်တန်း (Training of Trainer) ကို ၂၀၁၃- ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ပေးခဲ့သည်။

စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးအစီအစဉ် (Mental Health Assistance Program) သည် အေအေပီပီ၏ ထောက်ပံ့ကူညီမှု အစီအစဉ်များတွင် အဓိကကျသောအစီအစဉ်တခုဖြစ်ပြီး ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် ပူးပေါင်းလုပ်ဆောင်လျှက် (၂၀၁၄) ခုနှစ်တွင် မြန်မာပြည်တွင်း၌ တိုးချဲ့ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် ကောင်စယ်လာအသစ်များတိုးချဲ့ခန့်ထားမည်ဖြစ်သည်။

ထိုအစီအစဉ်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် လူတွေ့စစ်ဆေး ရွေးချယ်မှုများကို ရန်ကုန်၊ မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့ပြီး ကောင်စယ်လာအသစ် (၁၆) ဦးနှင့် ကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူး အသစ် (၄) ဦးကို ထပ်မံ ခန့်ထားခဲ့ပါသည်။

ထိုကဲ့သို့ ကောင်စယ်လာအသစ်များ ထပ်မံခန့်ထားပြီး တိုးချဲ့အကောင်အထည်ဖော်မှုကြောင့် နိုင်ငံရေး အကျဉ်းသားဟောင်းများသည် လိုအပ်နေသော စိတ်ဓာတ်ပြန်လည်မြှင့်တင်ရေးအစီအစဉ်ကို ပိုမိုရရှိနိုင်ကြမည် ဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်း စုစုပေါင်း ကလိုင်းယန့် (၁၆၅) ဦးကို စိတ်ဖိစီးမှုများ လျော့ကျ စေရန်အတွက် စနစ်တကျ ကူညီဖြေရှင်းပေးခဲ့သည်။



MHAP ကောင်စယ်လာသင်တန်း ပြုလုပ်နေစဉ်

## ပညာရေးဆိုင်ရာနှင့် သက်မွေးဝမ်းကျောင်းပညာစ်များအတွက် ကူညီထောက်ပံ့ပေးခြင်း

နိုင်ငံရေးအကျဉ်းသားများအနေဖြင့် မတရားသဖြင့်ထောင်ချခံရပြီးနောက် သူတို့၏ဘဝများအား ပြည်လည် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပညာရေးဆိုင်ရာထောက်ပံ့မှုများ၊ အသက်မွေးဝမ်းကျောင်းရေးဆိုင်ရာ သင်တန်းများနှင့် ၎င်းတို့၏ အရည်အသွေးပိုင်းဆိုင်ရာမြှင့်တင်ရေး သင်တန်းများအား မိမိတို့အေအေပီပီမှ ၂၀၁၃ ခုနှစ်တစ်လျှောက်လုံးတွင် ဖြည့်ဆည်းလုပ်ကိုင်ပေးခဲ့ပါသည်။ နိုင်ငံရေး အကျဉ်းသားများသည် ထောင်သွင်းအကျဉ်းချခံရပြီးနောက် အကျိုးဆက်အနေဖြင့် ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေးများ ဖြစ်သည့် ပညာရေးပိုင်းဆိုင်ရာအခွင့်အလမ်းများ၊ ခရီးသွားလာခွင့်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပုံမှန်အားဖြင့် မရရှိအောင် ကန့်သတ်မှုများ ပြုလုပ်ထားခဲ့သည်။ အချို့နိုင်ငံရေး အကျဉ်းသားဟောင်းများသည် ထောင်မှလွတ်မြောက်လာပြီးနောက် တက္ကသိုလ်များကျောင်းများသို့ ပြန်လည် စာရင်းသွင်းခြင်းကို တားမြစ်ခံရကာ သူတို့၏ပညာရေးကို ဆက်လက် မသင်ကြားနိုင်ရန် ပိတ်ပင်ခြင်းခံခဲ့ရပါသည်။ ထိုလစ်လပ်ခံခဲ့ရသည့် ကွက်လပ်ကို ဖြည့်ဆည်းပေးရန်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများ သူတို့၏ဖွံ့ဖြိုးမှုနှင့် ပညာရေးများဆက်လက်လုပ်ဆောင်နိုင်ရန် မိမိတို့အေအေပီပီမှ ၎င်းတို့အား ငွေကြေးထောက်ပံ့မှုနှင့် ပညာရေး အခွင့်အလမ်းများ ရရှိရန် ကြိုးစားဖြည့်ဆည်း လုပ်ဆောင်ပေးခဲ့သည်။

### နိုင်ငံရေးအကျဉ်းသားဟောင်းများ

နိုင်ငံရေးအကျဉ်းသားဟောင်းများ ပညာရေးဆက်လက် လေ့လာနိုင်ရန် ၂၀၁၃ ခုနှစ် တစ်လျှောက်လုံး မိမိတို့မှ ငွေကြေးထောက်ပံ့ပေးအပ်သည့် အခမ်းအနားများ ပြုလုပ်ကျင်းပခဲ့ပါသည်။ ၂၀၁၃ ခုနှစ် တစ်လျှောက်လုံး မိမိတို့မှ အရည်အသွေးဆိုင်ရာမြှင့်တင်ရေး သင်တန်းများ နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း မြောက်များစွာ ပြုလုပ်ပေးခဲ့သည့်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်း (၂၄၇) ဦးသည် အမျိုးမျိုးသော ပညာရေးဆိုင်ရာ သင်တန်းများကို တက်ရောက်နိုင်ခဲ့ကြပါသည်။



နိုင်ငံရေးအကျဉ်းသားဟောင်း (၅၉) ဦး တက္ကသိုလ်ပညာရေးသို့ ပြန်လည် တက်ရောက်နိုင်ရန် နှင့် အခြား (၁၄) ဦးသည် TOFEL နှင့် CCNA သင်တန်း များအပါအဝင် ဘာသာစကားဆိုင်ရာ သင်တန်းများ တက်ရောက်ရန်အတွက် မိမိတို့ အေအေပီပီမှ အကူအညီ အထောက်အပံ့များ ပေးနိုင်ခဲ့သည်။

ရန်ကုန်မြို့ 141+ ရုံး တွင်ပြုလုပ်သော ကွန်ပြူတာသင်တန်း

နိုင်ငံရေးအကျဉ်းသားဟောင်းများ ပညာပြန်လည်သင်ကြားနိုင်ရန် ဖြည့်ဆည်းလုပ်ကိုင်ပေးခြင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးအား အကျိုးသက်ရောက်မှုတစ်ခုဖြစ်စေပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပညာရေးအခွင့်အလမ်းများ ဖြည့်ဆည်းပေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ရရှိစေပါသည်။ ပြည်တွင်းအေအေပီပီ၏ လုပ်ငန်းစဉ်များတွင်

နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပညာရေးထောက်ပံ့မှုအစီအစဉ်သည် အဖိုးမဖြတ်နိုင်သည့် အပိုင်းတစ်ခုဖြစ်ပြီး မိမိတို့အနေဖြင့် ရှေ့အနာဂတ်တွင်လည်း ထိုအစီအစဉ်အား ဆက်လက်တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်း (၁၂၈) ဦးသည် ကွန်ပြူတာသင်တန်းများသို့ တက်ရောက်နိုင်ခဲ့ပြီး ထိုကဲ့သို့သော တတ်မြောက်မှုသင်တန်းများသည် နိုင်ငံရေးတက်ကြွသူများအနေဖြင့် အကျဉ်းထောင်များတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသဖြင့် မတက်ရောက်နိုင်ခဲ့ရသော သင်တန်းများလည်း ဖြစ်နိုင်ပေသည်။ ထောင်မှလွတ်မြောက်ပြီးနောက် နိုင်ငံရေးအကျဉ်းသားဟောင်းများအား ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင်များဖြည့်ဆည်းပေးနိုင်မှုသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အပိုင်းအတွက် လိုအပ်မှုတစ်ခုဖြစ်သည်ဟု မိမိတို့အေအေပီပီမှ အခိုင်အမာ ယုံကြည်ပါသည်။ ထိုထောက်ပံ့ကူညီခြင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကားမောင်းသင်တန်းများသို့ နိုင်ငံရေးအကျဉ်းသားဟောင်း (၄၆) ဦးသည် တက်ရောက်နိုင်ခဲ့ပါသည်။

စုစုပေါင်းအနေဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်း (၁၈၈) ဦးသည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် ကွန်ပြူတာသင်တန်း၊ ကားမောင်းသင်တန်းနှင့် ဘာသာစကားဆိုင်ရာသင်တန်းများကို ၂၀၁၃ ခုနှစ် တစ်လျှောက်လုံးတွင် တက်ရောက်နိုင်ခဲ့ပါသည်။




အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက် (အထက်မြန်မာပြည်)တို့ စီစဉ်ပြုလုပ်သော ကွန်ပြူတာသင်တန်း

## နိုင်ငံရေးအကျဉ်းသားမိသားစုများနှင့် ကလေးများအတွက် ပညာရေး

ထောင်သွင်းအကျဉ်းချခံရခြင်းသည် နိုင်ငံရေးအကျဉ်းသားများသာ သက်ရောက် တွေ့ကြုံခံစားရသည်မဟုတ်ပဲ မိသားစု ဝင်ငွေလျော့နည်းသွားခြင်း (သို့) ဝင်ငွေမရှိခြင်းတို့ကြောင့် ၎င်းတို့၏မိသားစုဝင်များနှင့် ကလေးများသည်လည်း ကျောင်းတက်ရန် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပါသည်။ မိသားစုဝင်များအနေဖြင့် အဓိကဝင်ငွေမရှိခြင်းဖြင့် ပုံမှန်ရပ်တည်ခဲ့ရသည့်အတွက် အခြေခံပညာရေးအတွက်ပင် မတတ်နိုင်တော့ပါ။ ၂၀၁၃ ခုနှစ်တစ်လျှောက်လုံးတွင် လက်ရှိအကျဉ်းထောင်များအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် လတ်တလော လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတို့၏ ကလေးဦးရေစုစုပေါင်း (၂၃၄) ဦး၏ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းပညာရေးများအတွက် မိမိတို့မှ ပညာသင်စရိတ်များ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကလေး (၃၄) ဦးကို မန္တလေးမြို့တွင် အခမ်းအနားနှင့် ပေးအပ်ခဲ့ပြီး ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့မှ နိုင်ငံရေးအကျဉ်းသားဟောင်းတို့၏ ကလေး (၃) ဦး၊ တောင်ငူမှ ၇ ဦး အတွက်ကိုယ်တိုင် သွားရောက်ကူညီခဲ့သည်။





မန္တလေးနှင့် ရန်ကုန်မြို့တွင် ပြုလုပ်သော နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ကလေးပညာသင်ထောက်ပံ့ကြေးပေးအပ်နေစဉ်

ရန်ကုန်မြို့တွင် ဖေဖော်ဝါရီလတွင် ကလေးစုစုပေါင်း (၁၂၉) ဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ပညာသင်စရိတ် ထောက်ပံ့ကူညီပေးအပ်သည့်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့နှင့် အေအေပီပီ ပူးတွဲ၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယအကြိမ် အဖြစ် ကလေးများအား ပညာသင်စရိတ် ထောက်ပံ့ကူညီ ပေးအပ်သည့်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့ နှစ်မြို့စလုံးတွင် ကျင်းပခဲ့ပါသည်။ ထိုပညာသင်စရိတ်ငွေသည် ကလေးများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းလခ၊ သင်ကြားရေးထောက်ကူပစ္စည်းများ၊ အစားအသောက်နှင့် သွားလာရေးစရိတ်တို့အတွက် အကူအညီအထောက်အပံ့ဖြစ်စေပါသည်။ လက်ရှိအကျဉ်းထောင်များ အတွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် လတ်တလော လွတ်မြောက်လာသော နိုင်ငံရေး အကျဉ်းသားတို့၏ မိသားစုဝင်များနှင့် အရွယ်ရောက်ပြီးကလေးများအတွက် တက္ကသိုလ်ပညာရေး ထောက်ပံ့ရေးစရိတ်ကိုလည်း ကူညီခဲ့ကာ စုစုပေါင်း (၃၄) ဦးအား မိမိတို့အေအေပီပီမှ ကူညီပေးနိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင်လည်း တက်ကြွလှုပ်ရှားသူများသည် ဆက်လက်ဖမ်းဆီးခံနေရသဖြင့် လက်ရှိ အကျဉ်းထောင်များအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် လတ်တလောလွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားတို့၏ မိသားစုဝင်များနှင့် ကလေးများ တွေ့ကြုံခံစားနေရသည့် နာကျင်မှုများ၊ ဒုက္ခများ လျော့ပါးသွားရန်အတွက် ပြုလုပ်ရန်မှာလည်း လိုအပ်လှပါသည်။ လက်ရှိအကျဉ်းထောင်များအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းတို့၏ မိသားစုဝင်များနှင့် ကလေးများအတွက် ပညာရေးထောက်ပံ့ကူညီမှုများသည် လာမည့် ၂၀၁၄ တွင်လည်း ဆက်လက်၍ လိုအပ်နေသေးသည်။

## ကျဆုံးသွားသော နိုင်ငံရေးအကျဉ်းသားတို့၏ မိသားစုများအား လူမှုရေးထောက်ပံ့ကူညီမှု[၂]

မိမိတို့အေအေပီပီ၏ သုတေသနပြုမှုအရ ၁၉၈၈ ခုနှစ်မှ စပြီး ယခုအချိန်အထိ မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်းတွင် နိုင်ငံရေးအကျဉ်းသားအနည်းဆုံး (၁၇၅) ဦးသည် သေဆုံးခဲ့ရပါသည်။ မိမိတို့ အေအေပီပီနှင့် မိမိတို့၏လုပ်ဖော်ကိုင်ဖက်များမှ မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်းနှင့် စစ်ကြောရေးစခန်းများ အတွင်း သေဆုံးခဲ့သော နိုင်ငံရေးအကျဉ်းသား (၅၅) ဦး၏ မိသားစုဝင်များမှ ဆက်သွယ်၍ ရရှိသော မိသားစုဝင်များမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင်၊ ထိုသေဆုံးအကျဉ်းသား (၅၅) ဦး၏ မိသားစုအသီးသီးအား ထောက်ပံ့ကူညီသော အခမ်းအနားကို ပထမဦးဆုံးအနေဖြင့် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ထောက်ပံ့ပံ့သော ငွေကြေးအား ဘဏ္ဍာရေးဌာနမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကြိုတင် ထုတ်ယူခဲ့ရသည်။ ထိုလူမှုထောက်ပံ့ကြေးငွေသည် ကျန်ရှိမိသားစုဝင်များအား မိမိတို့မှ လူမှုရေးအကူအညီအဖြစ် ပေးအပ်သောငွေ ဖြစ်ပါသည်။ ထိုကျင်းပပြုလုပ်ခဲ့သော အခမ်းအနားသည် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်လာစေရန် အနစ်နာခံကာအသက်စွန့်ပြီး စစ်အာဏာရှင်အစိုးရအား ဆန့်ကျင်တိုက်ခိုက် ခဲ့သော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဂုဏ်ပြုသည့် အခမ်းအနားတစ်ခုလည်း ဖြစ်ပေသည်။




ကျဆုံးနိုင်ငံရေးအကျဉ်းသားမိသားစုအား ဦးခွန်ထွန်းဦး(SNLD) မှ ထောက်ပံ့ငွေ ပေးအပ်နေစဉ်



ကျဆုံးနိုင်ငံရေး အကျဉ်းသားများ ဂုဏ်ပြုပွဲ အခမ်း အနားသို့တက် ရောက်လာသော နိုင်/ကျဉ်းဟောင်း များနှင့် ဖိတ်ကြား ထားသူများ

## ပြည်မြန်မာနိုင်ငံအတွင်း အားထုတ်ဆောင်ရွက်မှုများ

၂၀၁၃ ခုနှစ် ဇန်နဝါရီတွင် အေအေပီပီ၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီးနောက် ပြည်တွင်းလက်ရှိအနေအထားအရ အားကောင်းလာသော လူထုအခြေပြုအဝန်းအဝိုင်းနှင့် အေအေပီပီတို့၏ ဆက်ဆံရေးများကို ပိုမိုအားကောင်းလာစေသည်။




မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ပြန်လည်ဝင်ရောက်သည့်ခရီးစဉ်တွင် ကိုတိတ်နှင့် ကိုဘိုကြည်တို့အား ရန်ကုန်လေဆိပ်တွင်တွေ့ရစဉ်

အေအေပီပီသည် မြန်မာပြည်အတွင်းသို့ ပြည်လည်ဝင်ရောက်ပြီး အချိန်ကြာမြင့်စွာ နေထိုင်နိုင်မှုသည် မိမိတို့ အေအေပီပီအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်ဆိုင်သော သတင်းအချက်အလက်များကို ပိုမိုသဘောပေါက်သိရှိစေပါသည်။ မြန်မာနိုင်ငံတွင် လူထုအခြေပြုလုပ်ငန်းများ ဆက်လက်အားကောင်းလာသောကြောင့် မြန်မာနိုင်ငံ စစ်မှန်သောဒီမိုကရက်တစ်နိုင်ငံ ဖြစ်ပေါ်လာရေးအတွက် မိမိတို့အေအေပီပီ၏ စဉ်ဆက်မပြတ် အားထုတ်မှုများကို လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အတူတကွ လုပ်ဆောင်နိုင်ခဲ့ပါသည်။ လက်ကျန် နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီတွင် မိမိတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ကိုင်နိုင်မှုသည် အနာဂတ် နိုင်ငံရေးအကျဉ်းသား အခန်းကဏ္ဍအတွက် မိမိတို့အား တာဝန်ပိုစေခဲ့သည်။

မြန်မာနိုင်ငံသို့ လွတ်လပ်စွာ ခရီးသွားလာခွင့်နှင့် မိမိတို့၏လုပ်ငန်းများ လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်တို့သည် နောင်တွင် မြန်မာနိုင်ငံတွင်း၌ အေအေပီပီ၏ တရားဝင်ရပ်တည်မှုကို ဖြစ်ပေါ်စေပါသည်။ ကိုတိတ်နိုင်နှင့် ကိုဘိုကြည်တို့သည် နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို လေ့လာသုံးသပ်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ နေရာများစွာသို့ သွားရောက်နိုင်ခဲ့ပြီး ပြုပြင်ပြောင်းလည်းရေးလုပ်ငန်းစဉ်အပေါ် အခြားသူတို့၏ အမျိုးမျိုးရှုမြင် သုံးသပ်ပုံများကိုလည်း တိုက်ရိုက်ကြားသိနိုင်ခဲ့သည်။

အတွင်းရေးမှူးသည် ထားဝယ်မြို့သို့ ခရီးထွက်ခဲ့ပြီး ထားဝယ်မြို့ရှိ ပင်လယ်ရေနက်စီမံကိန်း အပေါ် အကဲခတ်သုံးသပ်နိုင်ရန် စီမံကိန်းအကောင်အထည်ဖော်နေမှုများ၊ လုပ်ငန်းစဉ်များကို လေ့လာခဲ့ပြီး ထိုစီမံကိန်းမှ ဒေသနေလူထုအား မည်သို့အကျိုးသက်ရောက်ပုံကို စီမံကိန်းတွင် နည်းအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်နေသူများ၊ တက်ကြွလှုပ်ရှားသူများ၊ ဒေသတွင်းနေထိုင်သော လူများနှင့် ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်းသို့

သွားရောက်လေ့လာမှု ခရီးစဉ်တွင် မန္တလေးမြို့ရှိ နိုင်ငံရေးအကျဉ်းသားတို့၏ သဘောထားအမြင်များကို သိရှိမှတ်သားခဲ့သလို အင်းလေးကန်သို့ သွားရောက်ပြီး မြေယာသိမ်းယူခံရသူ ဒေသခံပြည်သူတို့နှင့် တွေ့ဆုံခဲ့ပါသည်။ မိမိတို့အေအေပီပီ အနေဖြင့် အခြားသော နိုင်ငံရေးအကျဉ်းသားဟောင်း အတော်များများတို့နှင့်တွေ့ဆုံခဲ့ပြီး ၎င်းတို့အား စိတ်ပိုင်းဆိုင်ရာအရ အားပေးကာ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့ပါသည်။ အေအေပီပီ၏ တာဝန်ရှိသူများသည် ရန်ကုန်မြို့တော်ဝင်နှင်းဆီခန်းမတွင် ပြုလုပ်ကျင်းပသည့် သက်ကြီးနိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် သက်ကြီးပူဇော်ပွဲကိုလည်း တက်ရောက်ခဲ့သည်။

ထို့အပြင် အေအေပီပီမှ တာဝန်ရှိသူများသည် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် တောင်ငူ၊ အင်းစိန်၊ သာယာဝတီနှင့် ထားဝယ်ထောင်များအပါအဝင် အချို့အကျဉ်းထောင်များသို့ သွားကာ ထိုအကျဉ်းထောင်များအတွင်း ဆက်လက်ထိန်းသိမ်းခံနေရသော နိုင်ငံရေးအကျဉ်းသားများကို ငွေကြေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ခဲ့သည်။ ထိုကဲ့သို့ အကျဉ်းထောင်များသို့ သွားရောက်တွေ့ဆုံနိုင်မှုသည် အရေးပါလှပြီး လက်ရှိအကျဉ်းကျနေသော မိမိတို့၏ ရဲဘော်ရဲဖက်များဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများအား ထောက်ပံ့နိုင်ခဲ့သလို ၎င်းတို့အခြေခံဆေးကုသခံရမှု ရှိ/မရှိ၊ ငွေကြေးနှင့် အခြားလိုအပ်ချက်များ ရ/မရ ကိုပါ မိမိတို့အေအေပီပီ အနေဖြင့် သေချာစွာသိရှိနိုင်ခဲ့ပါသည်။ အေအေပီပီ အနေဖြင့် ထိုကဲ့သို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ကျေးရွာများတွင်နေထိုင်သည့် ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံစကားပြောနိုင်မှုကြောင့် တိုင်းပြည်၏ နိုင်ငံရေးအခြေအနေမှန်များကို သိရှိခဲ့ရပါသည်။ ပြီးခဲ့သောအချိန်ကာလ (၁၂) လအတွင်း အေအေပီပီ မှ မြန်မာနိုင်ငံအတွင်း ပိုမိုနေထိုင်နိုင်မှုသည် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ ရှေ့အနာဂတ် နိုင်ငံရေးနည်းဗျူဟာများ၊ လုပ်ငန်းစဉ်များအား မည်ကဲ့သို့ ပိုမိုကောင်းမွန်လာအောင်နှင့် ထိရောက်စွာ လုပ်ဆောင်ကြရန် မိမိတို့အားအကြံဉာဏ်နှင့် အကူအညီများ ပေးကြသည့် မိမိတို့အား ပံ့ပိုးသူများ၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ၊ အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခွင့်များ ရခဲ့သည်။




အေအေပီပီနှင့် နိုင်/ကျဉ်းဟောင်းများအဖွဲ့မှ မန္တလေးထောင်တွင်းရှိ နိုင်/ကျဉ်းများအား
ကူညီထောက်ပံ့ငွေသွားရောက်ပေးအပ်သည့်ခရီးစဉ်

အေအေပီပီမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံအား ပဏာမ သွားရောက်လေ့လာနိုင်မှုသည် လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီ ဖွဲ့စည်းရန်နှင့် နိုင်ငံရေးအကျဉ်းသားအဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ရန် စတင်တောင်းဆိုနိုင်ခဲ့သလို ထိုခရီးစဉ်အတွင်း သမ္မတရုံး ဝန်ကြီးများဖြစ်သည့် ဦးအောင်မင်း၊ ဦးစိုးသိန်းတို့နှင့် တွေ့ဆုံနိုင်မှုသည်လည်း လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီကို ဖွဲ့စည်းရန်အတွက် အစိုးရအား တိုက်တွန်းနိုင်ခဲ့သည်။ ထိုမြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ်ခရီးစဉ်အတွင်း လက်ကျန်နိုင်ငံရေးအကျဉ်းသားကော်မတီ ဖွဲ့စည်းရန်အတွက် အစိုးရနှင့်ပူးပေါင်းလုပ်ဆောင်မည့် နိုင်ငံရေးပါတီများ အခြားတိုင်းရင်းသားအုပ်စုများ လူထုအခြေပြုအဖွဲ့အစည်းများနှင့်ပါ တွေ့ဆုံနိုင်ခဲ့ပါသည်။

မိမိတို့အေအေပီပီသည် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီပါတီ (SNLD)၊ အမျိုးသားဒီမိုကရေစီ အင်အားစု (NDF)၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ်(LPPs)၊ နိုင်ငံရေးအကျဉ်းသား ဟောင်းများကွန်ရက် (အထက်ဗမာပြည်) (Ex-PPs Network-Upper Burma) ရှမ်းပြည်နယ် မျိုးဆက်သစ်များ၊ ပအိုဝ့်အမျိုးသား လွတ်မြောက်ရေး အဖွဲ့(PNLO) နှင့် အခြားအဖွဲ့အစည်းများကိုပါ တွေ့ဆုံနိုင်ခဲ့ပါသည်။ မိမိတို့အေအေပီပီမှ လူထုအခြေပြုအဖွဲ့ဝင်များ နှင့် တတ်နိုင်သလောက်တွေ့ဆုံနိုင်မှုသည် မိမိတို့စုစည်းညီညွတ်မှုအတွက် အထောက်အပံ့ ဖြစ်စေပြီး အနာဂတ်မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားအရေးကိစ္စအတွက် ဆက်လက်စုပေါင်းလုပ်ဆောင်ကြမည် ဆိုသည့် ခိုင်မာအားကောင်းမှုကို ဖြစ်ပေါ်စေပါသည်။ အေအေပီပီအနေဖြင့် ထိုကဲ့သို့အဖွဲ့အစည်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံနိုင်မှုသည် မြန်မာနိုင်ငံအတွင်းရှိ အေအေပီပီ၏ကွန်ရက်အား ပိုမိုအားကောင်းစေပြီး ယခင်ကမိမိတို့ရရှိရန် ခက်ခဲသော မြန်မာနိုင်ငံအနှံ့အပြားရှိ အရေးကြီးသည့် သတင်းအချက်အလက်များကို ရရှိစေပါသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် အေအေပီပီနှင့် မိမိတို့၏လုပ်ဖော်ကိုင်ဖက်များအနေဖြင့် မှန်ကန်တိကျသော လက်ကျန်နိုင်ငံရေးအကျဉ်းသား အရေအတွက်ကို သိရှိနိုင်ခဲ့ပါသည်။

"နိုင်ငံရေးအကျဉ်သား အဓိပ္ပါယ်ဖွင့်ဆိုချက်" ကို တညီတညွတ်တည်း ချမှတ်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြုလုပ်ကျင်းပနိုင်ခဲ့သည်။ ထိုဆွေးနွေးပွဲသို့ တစ်သီးပုဂ္ဂလနှင့် လူထုအခြေပြု အဖွဲ့အစည်းများ၊ အတတ်ပညာရှင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၅၀ ဦးခန့်တက်ရောက်ခဲ့သည်။ "နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်" ကို ပဏာမ သဘောတူ ချမှတ်နိုင်ခဲ့ပြီး ထိုသဘောတူညီချက်ကို မတ်လ ၁၆ ရက်နေ့ တွင် ပြုလုပ်သော လက်ကျန်နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီသို့ တင်ပြနိုင်ခဲ့သည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက်အစည်းအဝေး မတိုင်မီတွင် အေအေပီပီ၏တွဲဖက်အတွင်းရေးမှူးမှ အထက်ပါ အလုပ်ရုံ ဆွေးနွေးပွဲမှ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် "နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်" နှင့် လက်ကျန်နိုင်ငံရေး အကျဉ်းသား စီစစ်ရေးကော်မတီအစည်းအဝေး၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ဆွေးနွေးမှု အကျဉ်းချုပ်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံကာ ဆွေးနွေးတင်ပြခဲ့ပါသည်။

ကော်မတီတွင် ပါဝင်ကြသော လူထုအခြေပြုအဖွဲ့ဝင်များသည် အကျဉ်းဦးစီးဌာနမှ ကော်မတီကိုယ်စားလှယ်များနှင့် လက်ကျန်နိုင်ငံရေးအကျဉ်းသားစာရင်းများကို အတည်ပြုနိုင်ရန်အတွက် နေပြည်တော်တွင် အကြိမ်ကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် တိုးတက်ဖြစ်ထွန်းမှု အနည်းငယ်သာ ရှိပြီး သဘောတူညီချက်ရရန်လည်း လွန်စွာခက်ခဲ့စေသည်။ အစိုးရဖက်မှ ပူးပေါင်းလုပ်ဆောင်မှုမှာ အားတက်သရောမရှိသည်လည်း ကြုံတွေ့ခဲ့ရသည်။



ကိုဘိုကြည်မှ "နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်" နှင့် စီစစ်ရေးကော်မတီ၏ လုပ်ငန်းစဉ် အကျဉ်းချုပ်ကို ဒေါ်အောင်ဆန်းစုကြည်အား တင်ပြစဉ်

ကော်မတီ၏လုပ်ငန်းစဉ်များ အကောင်အထည်ဖေါ်ဆောင်ရာတွင်လည်း ခရီးစရိတ်၊ လက်ရှိနိုင်ငံရေး အကျဉ်းသားများ၏ သတင်းအချက်အလက်များ ရရှိရေးအတွက်နှင့် အခြားအခြားသော ကော်မတီ၏ လက်တွေ့လုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များအားလုံးအား ကော်မတီအဖွဲ့ဝင်များမှ မိမိတို့၏ငွေကြေးများဖြင့် အကုန်အကျခံခဲ့ရပါသည်။ မိမိတို့နိုင်ငံရေး အကျဉ်းသားအရေး ဆောင်ရွက်နေသော ကော်မတီဝင်များ နေပြည်တော်သို့ လစဉ်သွားရောက်၍ အကျဉ်းဦးစီးဌာန၊ အစိုးရဖက်မှ ကော်မတီဝင်များနှင့် သွားရောက်ဆွေးနွေးသည့်အခါတိုင်း ခရီးစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ် တို့ကို မိမိတို့ဖက်မှပင် စိုက်ထုတ်ခဲ့ရသည်။ ထိုဖြစ်ရပ်များအတွက် အစိုးရအာဏာပိုင်များအား မေးခွန်း ထုတ်ခဲ့သော်လည်း ထူးခြားမှု ဖြစ်မလာခဲ့ပေ။

အစိုးရအနေဖြင့် ကော်မတီ၏ အထွေထွေကုန်ကျစရိတ်များအတွက် ဘတ်ဂျက် ထားရှိသင့်ပြီး ကော်မတီ၏ လုပ်ငန်းစဉ်များအတွက် လူထုအခြေပြုအဖွဲ့ဝင်များမှသာ ကုန်ကျခံနေရမည်ဆိုပါလျှင် ကော်မတီ၏ အနာဂတ်လုပ်ငန်းစဉ်များအတွက် များစွာနှောင့်နှေးမှုများ ရှိလာမည်ဖြစ်သည်။ မိမိတို့အေအေပီပီမှ ကော်မတီ၏အစည်းအဝေးသို့ ဆက်လက်တက်ရောက်ရန် နှင့် ကော်မတီ၏ လုပ်ငန်းစဉ်များအတွက် အစိုးရထံမှ လိုအပ်သော အထောက်အပံ့များ ရရှိရန် အစိုးရအား တိုက်တွန်းပြောဆိုရန်တို့အတွက် နေပြည်တော်သို့ ခရီးထွက်ရသည်မှာလည်း အဓိကလိုအပ်ချက်ဖြစ်နေပါသည်။ မြန်မာနိုင်ငံသို့ အကြိမ်ပေါင်းများစွာ သွားရောက်ခဲ့ရသော ခရီးများအတွင်း နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ရရှိရန်နှင့် ကျန်ရှိနိုင်ငံရေးအကျဉ်းသားများ ဆက်လက်လွတ်မြောက်ရေး၊ "နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်" နှင့် လက်ကျန်နိုင်ငံရေး အကျဉ်းသား စီစစ်ရေးကော်မတီအစည်းအဝေး၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့်

ဆွေးနွေးမှု အကျဉ်းချုပ်ကို ပြောဆိုတိုက်တွန်းရန်အတွက် မိမိတို့အနေဖြင့် အကျဉ်းဦးစီးဌာန နှင့် အစိုးရဝန်ကြီးများနှင့် တွေ့ဆုံရန် နေပြည်တော်သို့ အကြိမ်ပေါင်းများစွာ သွားခဲ့ရပါသည်။ မိမိတို့မှ တိုက်တွန်းပြောဆိုသော်လည်း အစိုးရမှ အကြိမ်ပေါင်းများစွာ အရေးယူဆောင်ရွက်မှု၊ တုန့်ပြန်မှု လွန်စွာအားနည်းခဲ့သည်။ ကော်မတီ၏လိုအပ်သော လုပ်ငန်းစဉ်များ အဆုံးသတ် အောင်မြင်ရေးအတွက် မိမိတို့အေအေပီပီ နှင့် မိမိတို့၏ လုပ်ဖေါ်ကိုင်ဖက်များမှ ထိုအစိုးရအား တိုက်တွန်းနှိုးဆော်မည့် ခရီးများ ဆက်လက်သွားရန်မှာလည်း လိုအပ်နေသေးသည်။

ကော်မတီ၏လုပ်ငန်းစဉ်များမှ နိုင်ငံရေးအကျဉ်းသား လုံးဝမရှိရေးအတွက် အာမခံလုပ်ဆောင်သွားမည်ဖြစ်ပြီး အစိုးရမှ နိုင်ငံတကာအသိုင်းအဝိုင်းက ကျေနပ်သွားအောင် ယခင်ကလုပ်ဆောင်သကဲ့သို့ ဟန်ပြလုပ်ဆောင်မှုမျိုး မဖြစ်စေပဲ အစိုးရမှ ကော်မတီ၏လုပ်ငန်းစဉ်များတွင် စစ်စစ်မှန်မှန် ပါဝင်လုပ်ဆောင်လာရန်အတွက်ပါ မိမိတို့အနေဖြင့် တိုက်တွန်းသွားမည် ဖြစ်သည်။ ၂၀၁၃ ခုနှစ် တစ်လျှောက်လုံး အေအေပီပီအနေဖြင့် ကော်မတီ၏အစည်းအဝေးများအား မပျက်မကွက် တက်ရောက်ခဲ့ပြီး လွှတ်ပေးရမည့်နိုင်ငံရေးအကျဉ်းသားများ အမည်စာရင်းအား ဆွေးနွေးတင်ပြခြင်းနှင့် လက်ရှိနိုင်ငံရေးအကျဉ်းသားတို့၏ သတင်းအချက်အလက်များ ရရှိရေးအတွက် လုပ်ဆောင်ခဲ့ပါသည်။ ထို့ကြောင့် မိမိတို့အေအေပီပီ၏ ပြည်တွင်းတွင် နိုင်ငံရေးအကျဉ်းသားအရေး တက်ကြွစွာ လှုံ့ဆော်လုပ်ကိုင်နိုင်မှုနှင့် အစိုးရအဖွဲ့ဝင်များနှင့် ပုံမှန်တွေ့ဆုံမှုတို့သည် ကော်မတီလုပ်ငန်းစဉ်များ အောင်မြင်စွာလုပ်ဆောင်နိုင်ရေးအတွက် များစွာ အထောက်အကူပြုခဲ့သည်။

မြန်မာပြည်အတွင်းတွင် အေအေပီပီမှ ပိုမိုသွားရောက်နေနိုင်၊ လုပ်ကိုင်နိုင်ခြင်းဖြင့် နိုင်ငံရေး အကျဉ်းသား ဟောင်းများနှင့်၎င်း တို့၏မိသားစုဝင်များအတွက် မိမိတို့၏လုပ်ဆောင်နေမှုများကို တရားဝင်ဖြစ်စေပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံရေးအကျဉ်းသားနှင့် လတ်တလောလွတ်မြောက်လာသည့် နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ သာသမီးများ ပညာသင်စရိတ် ထောက်ပံ့အပ်သည့် အခမ်းအနားကို မန္တလေးတွင်လည်းကောင်း၊ ဖေဖေါ်ဝါရီလတွင် ရန်ကုန်တွင်လည်းကောင်း ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို အေအေပီပီ အတွင်းရေးမှူး ကိုတိတ်နိုင်မှ ကိုယ်တိုင်တက်ရောက် ဦးဆောင်ကာ ကျင်းပပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့လုပ်ကိုင်နိုင်ခွင့်ရမှုများသည် အေအေပီပီမှ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေမှုများအား အေအေပီပီကိုယ်စားလှယ်များမှ ပြည်တွင်းတွင် ရှင်းပြနိုင်ခဲ့ပါသည်။ ပြည်တွင်းမှ လူများနှင့် အေအေပီပီမှ လွတ်လပ်စွာအလုပ် လုပ်ကိုင်နိုင်မှုသည် လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များ နှင့် ဆက်ဆံရေးအားကောင်းလာသလို အေအေပီပီ၏ လုပ်ငန်းများကိုလည်း ထိုလူများ သိရှိစေရန် လုပ်ဆောင် နိုင်ခဲ့ပါသည်။

အေအေပီပီသည် လူ့အခွင့်ရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) တွင် ၂၀၀၄ ခုနှစ် စတင်ဖွဲ့စည်းစဉ်ကတည်းက ယနေ့အထိ တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့သော အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လုပ်ဆောင်မည့် လှုံ့ဆော်ရေးနှင့် မှတ်တမ်းပြုစုရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် အတူတကွဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြသည်။ အေအေပီပီ အတွင်းရေးမှူးမှ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ကျင်းပသော လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်၏ (၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့သလို လူ့အခွင့်ရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) နှင့် DC-Cambodia တို့မှ ပူးတွဲကျင်းပခဲ့သော လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းပြုစုခြင်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ မိမိတို့အေအေပီပီ ကိုယ်စားလှယ်များမှ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ၈၈၈၈ အရေးတော်ပုံကြီး၏ (၂၅) ကြိမ်မြောက် ငွေရတုအခမ်းအနားသို့လည်း တက်ရောက်ခဲ့ပါသည်။ ထို ၈၈၈၈ ငွေရတု အခမ်းအနားတွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် အေအေပီပီ အတွင်းရေးမှူး ကိုတိတ်နိုင်မှ "မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အရပ်ဖက်လူ့အဖွဲ့အစည်း၏အခန်းကဏ္ဍ" စာတမ်းအား တင်သွင်းခဲ့ပြီး ထိုစာတမ်းနှင့် ပတ်သက်ပြီး တက်ကြွလှုပ်ရှားသူများနှင့် အဖွဲ့အစည်းများ၏ အမေးအဖြေကဏ္ဍကိုလည်း ထည့်သွင်းခဲ့ပါသည်။

နိုင်ငံတကာဆိုင်ရာ အမှန်တရားဖေါ်ထုတ်ရေးစင်တာ (ICTJ) သည် အေအေပီပီ၊ နိုင်ငံရေးအကျဉ်းသား ဟောင်းများအဖွဲ့တို့နှင့်အတူ မှတ်တမ်းပြုစုရေးသင်တန်းကို ရန်ကုန်မြို့တွင် သင်တန်းပေးခဲ့သည်။ ထိုသင်တန်းသည် အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းအဖွဲ့တို့မှ ၂၀၁၄ တွင် ပြုလုပ်မည့် မြန်မာနိုင်ငံတဝှမ်း နိုင်ငံရေးအကျဉ်းသားများ မှတ်တမ်းကောက်ယူရေး အစီအစဉ်ကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ထိုအစီအစဉ်သည် နိုင်/ကျဉ်းဟောင်းများအား ပိုမို ကူညီနိုင်မည်ဟု ယုံကြည်ပါသည်။ တိကျသေချာသည့် မှတ်တမ်းပြုမှုသည်

နိုင်ငံရေးအကျဉ်းသားများ တွေ့ကြုံခံစားခဲ့ရသည်များကို ပြနိုင်ရန် ခိုင်မာသော သက်သေခံအထောက်အထားများကို ပေးနိုင်ပါလိမ့်မည်။ ထို သုတေသနပြုမှုသည် အနာဂတ် အမှန်တရားဖော်ထုတ်ရေး၊ တရားမျှတရေးနှင့် ပြန်လည်ပေးဆပ်မှု အစီအစဉ်များအတွက် မရှိမဖြစ်လိုအပ်သော အထောက်အကူ ပြုမည်ဖြစ်သည်။

အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံရာတွင်လည်း မိမိတို့၏ စိတ်ပိုင်းဆိုင်ရာပြန်လည် မြှင့်တင်ရေးအစီအစဉ် (MHAP) အားဆက်လက်ပြီး တိုးချဲ့လုပ်ကိုင်ရန်အကြောင်းကို ဆွေးနွေးခဲ့ပါသည်။ မြန်မာပြည်အတွင်းတွင် နိုင်ငံရေး အကျဉ်းသားဟောင်းများ အများအပြားရှိနေခြင်းကြောင့် ထိုသူများမှ လိုအပ်လာသောအခါတွင် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာပြန်လည် မြှင့်တင်ရေးအစီအစဉ် (MHAP) မှ နှစ်သိမ့်ဆွေးနွေးမှုများကို ရရှိနိုင်မည်ဖြစ်သည်။
မိမိတို့၏အစီရင်ခံစာတွင် ဆွေးနွေးပြောဆိုထားသလိုပင် (MHAP) လုပ်ငန်းစဉ်များသည် ၂၀၁၃ ခုနှစ် တစ်လျှောက်လုံးတွင် တိုးချဲ့လုပ်ကိုင်ကာ၊ ၂၀၁၄ ခုနှစ်အထိ ဆက်လက်တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်သည်။ မိမိတို့၏ အစိုးရဝန်ကြီးများထံသို့ အစောပိုင်းသွားရောက်မှုများမှ ထို(MHAP) လုပ်ငန်းစဉ်တိုးချဲ့မှုကိစ္စကို  ဆွေးနွေးနိုင်ခဲ့ပြီး စိတ်ဒဏ်ရာရရှိခံစားခဲ့ရသော နိုင်ငံရေးအကျဉ်းသားများအတွက် ထိုစိတ်ပိုင်းဆိုင်ရာပြန်လည် မြှင့်တင်ရေးအစီအစဉ်မှ ဖြည့်ဆည်းလုပ်ကိုင်ပေးမှုသည် အရေးကြီးကြောင်း သက်ဆိုင်သူများ နှင့် အစိုးရအာဏာပိုင်များအား သိရှိစေသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းတွင် သွားရောက်ခဲ့သော မန္တလေးခရီးစဉ်အတွင်း စိတ်ပညာ ပါမောက္ခဟောင်း တစ်ဦးဖြစ်သူ ဒေါက်တာ ကိုကိုကြီးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး  ၎င်းထံမှ ထိုစိတ်ပိုင်းဆိုင်ရာပြန်လည် မြှင့်တင်ရေးအစီအစဉ် အတွက် ၎င်း၏သဘောထား အကြံဉာဏ်များလည်း ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အမှန်တကယ်ဖြစ်ရပ်များကို သိရှိစေရန်အတွက် ထိုကဲ့သို့ အေအေပီပီမှ နိုင်ငံရေးအကျဉ်းသားများအရေးအတွက် တွေ့ဆုံဆွေးနွေး လှုံ့ဆော် နိုင်မှုများသည် လွန်စွာအရေးကြီးလှပေသည်။ မြန်မာပြည်အတွင်းတွင် လူ့အခွင့်ရေးမှတ်တမ်းပြုစုခြင်းကွန်ရက် (မြန်မာနိုင်ငံ) ကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများနှင့် မိမိတို့၏အလုပ်များ လုပ်ကိုင်နိုင်ခြင်းသည် ပြည်တွင်းတွင် နေထိုင်နေသော နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပိုမိုထိတွေ့နိုင်ပြီး ၎င်းတို့၏ လူမှုရေး၊ စီးပွါးရေးအခြေအနေများ၊ သူတို့၏ ခရီးသွားနိုင်မှု၊ ပညာရေး နှင့် အလုပ်အကိုင်အခြေအနေများနှင့် ပတ်သက်သော သတင်းအချက်အလက် စာရင်းဇယားများကို မိမိတို့၏ မှတ်တမ်းပြုစုနေသော အဖွဲ့အား ပေးအပ်နိုင်မည်ဖြစ်သည်။

နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ကာကွယ်ရေးနှင့် ထိုသူတို့လွတ်မြောက်ရေးအတွက် လှုံ့ဆော်မှုများတွင် နိုင်ငံတကာ၏ဖိအားသည်လည်း အရေးကြီးကြောင်း အစိုးရနှင့် မိမိတို့အေအေပီပီ၏ ပဏာမဆွေးနွေးမှုမှ သိရှိခဲ့ပါသည်။ မိမိတို့အေအေပီပီနှင့် နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အထင်ကရ ပုဂ္ဂိုလ်များနှင့် ပုံမှန်တွေ့ဆုံမှုရှိပြီး လက်ရှိနိုင်ငံရေးအကျဉ်းသား အခြေအနေအားဆွေးနွေးနိုင်မှုသည် နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်းတွင် ထိုနိုင်ငံရေး အကျဉ်းသားအရေးကိစ္စမှာ ဦးစားပေးအအခြေအနေ ဖြစ်နေသေးကြောင်း သေချာမှုဖြစ်စေပါသည်။ ထို့အပြင် ထိုနိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများမှ မိမိတို့၏ပြည်တွင်းတွင် ပြုလုပ်မည့် အနာဂတ်လုပ်ငန်းစဉ်များအတွက် အထောက်အကူလည်း ဖြစ်စေပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်း မြောက်များစွာကို ကူညီနိုင်ရန်အတွက် မိမိတို့၏ ကူညီထောက်ပံ့ရေး အစီအစဉ်များအား ဆက်လက်ချဲ့ထွင်နိုင်ရန် National Endowment for Democracy (NED)၊ The Open Society Foundation (OSF)၊ The Bureau for Democracy၊ Human Rights and Labor (DRL) တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံနိုင်မှုသည် လွန်စွာအရေးကြီးလှပါသည်။ မြန်မာပြည်တွင်းတွင် အလုပ်လုပ်ကိုင်နိုင်ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတကာမှ ထောက်ပံ့ကူညီသူများနှင့် ပုံမှန်အဆက်အသွယ်များ ဆက်လက်ရှိနိုင်ပြီး၊ ဆက်ဆံရေးကိုလည်း ပိုမိုအားကောင်းစေကာ ထိုသူတို့၏ အားပေးထောက်ခံကူညီမှုသည် အလွန်အရေးပါလှသည်။ အေအေပီပီမှကိုယ်စားလှယ်များ မြန်မာနိုင်ငံတစ်ဝှမ်းသို့ သွားရောက်နိုင်ခဲ့ခြင်းသည်လည်း ထိုအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများပင်ဖြစ်သောကြောင့် ထိုအဖွဲ့အစည်းများအား များစွာ ကျေးဇူးတင်ရှိပါသည်။

၂၀၁၃ ခုနှစ်တစ်နှစ်ပတ်လုံး ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းမှ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေး အကျဉ်းသားဟောင်းများ၊ ကလေးများအား ပညာရေး၊ ကျန်းမာရေး အကူအညီများ အကြိမ်များစွာ ထောက်ပံ့ကူညီခဲ့သည်။ နာရေးကူညီမှုအသင်းသည်လည်း နိုင်ငံရေး အကျဉ်းသားများအား ကျမ္မာရေးစစ်ဆေးရန် ကူညီပေးမှုများရှိသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လူမှုအထောက်အကူအဖွဲ့) မှလည်း ကူညီထောက်ပံ့မှုပေးခဲ့သည်။  မိမိတို့မှ ထိုကဲသို့ ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများအား များစွာ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါသည်။

အေအေပီပီအတွင်းရေးမှူး ကိုတိတ်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်တို့နှစ်ဦးလုံးသည် ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံး ပြည်တွင်းသတင်းဌာနများဖြစ်သော ဗွီအိုအေ၊ ဘီဘီစီ၊ ဒီဗွီဘီ မီဒီယာ၊ လွတ်လပ်သော အာရှအသံ (အာအက်ဖ်အေ)၊ ဧရာဝတီ စသဖြင့် ပြည်တွင်း၊ ပြည်ပ သတင်းဌာနများနှင့်ပါ တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ခဲ့ကြပါသည်။ မိမိတို့အေအေပီပီမှ ပြည်တွင်းသတင်းဌာနများဖြင့် ပုံမှန်တွေ့ဆုံနိုင်မှုသည် မြန်မာပြည်သူလူထုနှင့် တိုက်ရိုက်တွေ့ဆုံပြောဆိုနိုင်ခွင့်ကို ရစေပါသည်။ မြန်မာပြည်သူလူထုအချို့သည် မိမိတို့၏အခွင့်အရေးဖြစ်သည့် အခြေခံလူ့အခွင့်အရေးများကိုပင် သိရှိမှု မရှိကြပါ။ အေအေပီပီမှ ပြည်တွင်းသတင်းဌာနများ၊ သတင်းထောက်များ ဖြင့် ပုံမှန်တွေ့ဆုံနိုင်ခြင်းဖြင့် မိမိတို့မှ နိုင်ငံရေးအကျဉ်းသား အရေးကိစ္စများအား အလျင်အမြန်ပြုလုပ်နိုင်မည် ဖြစ်သလို အခြေခံလူ့အခွင့်အရေးများအကြောင်းကိုလည်း ဆွေးနွေးသွားနိုင်မည်ဖြစ်သည်။



ကိုတိတ်နိုင်နှင့် မြန်မာနိုင်ငံမှ စာနယ်ဇင်းသမားများမဲဆောက်ရုံးတွင် တွေ့ဆုံစဉ်

အေအေပီပီ (မြန်မာနိုင်ငံ) သည် အမေရိကန်၊ ဗြိတိန်၊ ဆွစ်စလန်၊ နော်ဝေ၊ ချက်ရီပတ်ဘလစ်၊ သြစတေးလျအပါအဝင် သံရုံးများမှ သံအမတ်များ၊ သံအရာရှိများ၊ ဥရောပသမဂ္ဂ၊ ကိုယ်စားလှယ်များမှ ကျင်းပသော အစည်းအဝေးများသို့လည်း တက်ရောက်ခဲ့ပါသည်။ အေအေပီပီ တွဲဖက်အတွင်းရေးမှူးကိုဘိုကြည်သည်လည်း ဘုန်းတော်ကြီး ဒက်စမွန်တူးတူး နှင့် ခရိုအေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်းအပါအဝင် နိုင်ငံတကာမှ အထင်ကရ ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့ပါသည်။ အမေရိကန်နိုင်ငံ သမ္မတဟောင်း လီလ်ကလင်တန် ဦးဆောင်ကျင်းပခဲ့သော ဆွေးနွေးပွဲတွင်လည်း ကိုဘိုကြည်မှ ပါဝင်ဆွေးနွေးခဲ့ပါသည်။ ကုလသမဂ္ဂရုံး လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး The Office of the High Commissioner for Human Rights (OHCHR) နှင့် တွေ့ဆုံမှုသည်လည်း မြန်မာနိုင်ငံအတွင်း ပြောင်းလဲနေသော နိုင်ငံရေးအကျဉ်းသားများ၏ နောက်ဆုံးအခြေအနေ များကို ၎င်းတို့အား သိရှိစေသည်။ အေအေပီပီ အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့ကြီး (ICRC) ၏ အထွေထွေ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့်ပါ တွေ့ဆုံကာ မြန်မာနိုင်ငံအကျဉ်းထောင်များ၏ အခြေအနေ နှင့် လက်ရှိ မြန်မာအကျဉ်းသားများကို ICRC ၏အလုပ်များမှ မည်ကဲ့သို့ ကူညီလုပ်ဆောင်ပေးမည့် အကြောင်းကိုပါ ဆွေးနွေးသိရှိခဲ့ကြပါသည်။ ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများ၏ အမှုများအတွက်နှင့် ထိုသူများ တရားရင်ဆိုင် နေရစဉ် ကာလတစ်လျှောက်လုံးအတွက် ဆောင်ရွက်ပေးကြသည့် ရှေ့နေများကွန်ရက်နှင့် မိမိတို့အေအေပီပီ၏ ဆက်ဆံရေး ခိုင်မာရန်အတွက်ရည်စူးပြီး မိမိတို့မှ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရှေ့နေကွန်ရက်မှ ရှေ့နေများနှင့် တွေ့ဆုံခဲ့ကြပါသည်။ မိမိတို့မှ ရှေ့နေကွန်ရက်နှင့်တွေ့ဆုံမှုကြောင့် ၎င်းရှေ့နေများ

လုပ်ဆောင်နေသည့် အမှုများအကြောင်း အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပိုမိုများပြားလာသည့် မြေယာသိမ်းဆည်းခံရမှုများနှင့် သက်ဆိုင်သည့် အမှုများအကြောင်းကို အေအေပီပီမှသိရှိ မှတ်တမ်း တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အခွင့်အရေး စုံစမ်းစစ်ဆေးရေး အထူးကိုယ်စားလှယ် မစ္စတာ တောမတ်စ်ကင်းတားနား၏ နိုင်ငံရေးအကျဉ်းသားအရေးကိစ္စ ပြောဆိုသည့် ၂၀၁၃ ခုနှစ်အတွင်း မြန်မာပြည်လတ်တလော ခရီးစဉ်အတွင်းတွင် အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်မှ မစ္စတာ ကင်တားနားအား သွားရောက်တွေ့ဆုံခဲ့ပါသည်။ မစ္စတာကင်တားနားမှ ထိုင်းနိုင်ငံ မဲဆောက်မြို့တွင်လည်း အေအေပီပီမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအပေါ် ၎င်း၏အမြင်နှင့် လာရောက်တွေ့ဆုံရသည့် အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။ နယူးယောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ အစည်းအဝေးတွင်လည်း မစ္စတာ ကင်တားနားမှ မြန်မာနိုင်ငံ၏နိုင်ငံရေးအကျဉ်းသား အရေးကိစ္စသည် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆက်လက်ပြီး ထားရှိသင့်ကြောင်း ထပ်မံပြောဆိုခဲ့ပါပြီး ယခင်တောင်းဆိုခဲ့သည့် နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံးနှင့်ချွင်းချက်မရှိ လွတ်မြောက်ရေးဆိုသည့် တောင်းဆိုချက်ကိုလည်း ထပ်လောင်းတောင်းဆိုခဲ့ပါသည်။

၂၀၁၃ ခုနှစ်အတွင်း အေအေပီပီ၏ တာဝန်ရှိများမှ မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်နိုင်မှုသည် မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများအပေါ် လွန်စွာအကျိုးသက်ရောက်မှု ရှိစေပါသည်။ မိမိတို့၏ နိုင်ငံရေး အကျဉ်းသားအရေးကိစ္စအတွက် တိုက်တွန်းလှုံ့ဆော်ခြင်းနှင့် ဖိအားပေးခြင်းများ လုပ်ဆောင်ခြင်းအား စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းဖြင့် နိုင်ငံရေးအကျဉ်းသားအရေးကိစ္စအား နိုင်ငံတကာအသိုင်းအဝိုင်းတွင် ဦးစားပေးရမည့် ကိစ္စတစ်ခုအဖြစ် ဆက်လက် ကျန်ရှိနေစေနေမည်ဖြစ်သည်။

မိမိတို့အေအေပီပီ၏ လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီလုပ်ငန်းစဉ်များအတွင်း ဆက်လက် ပါဝင်လုပ်ကိုင်မှုနှင့် အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံရေးအကျဉ်းသား အရေးကိစ္စ ပုံမှန်ဆွေးနွေးနိုင်မှုတို့သည် မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးအခြေအနေအပေါ် ကြီးမားသော သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ လာမည့်နှစ် ၂၀၁၄ ခုနှစ်တွင်လည်း မိမိတို့အေအေပီပီမှ မြန်မာပြည်တွင်းသို့ ဆက်လက်သွားရောက်ပြီး လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေး ခိုင်မာအောင်ပြုလုပ်ခြင်း၊ မေ့ပျောက်မရနိုင်သည့် နိုင်ငံရေးအကျဉ်းသားအရေး ကိစ္စများအား ဆက်လက်ဆွေးနွေးခြင်း နှင့် လက်ရှိနိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်များအား စနစ်တကျ ကူညီနိုင်ရန် တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။



အေအေပီပီနှင့် နိုင်/ကျဉ်းဟောင်းအဖွဲ့မှ မစ္စတာကင်တာနားနှင့်တွေ့ဆုံစဉ်

## လက်ကျန်နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီ

လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ အေအေပီပီအနေဖြင့် ထိုလုပ်ငန်းစဉ်များတွင် အလေးထားဆောင်ရွက်ခဲ့သည်။ ထိုကော်မတီကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်သမ္မတရုံး ဝန်ကြီး ဦးစိုးသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအချို့နှင့် အစိုးရဖက်မှ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖွဲ့စည်းထားကာ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီအဖွဲ့ဝင်များမှာ

| | |
|---|---|
| (၁) ဦးစိုးသိန်း ( ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၃)) | ဥက္ကဋ္ဌ |
| (၂)ရဲချုပ် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန) | အဖွဲ့ဝင် |
| (၃)ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ပြည်ထောင်စုရှေ့နေချုပ်ရုံး) | အဖွဲ့ဝင် |
| (၄)ဦးအောင်စောဝင်း(ညွှန်ကြားရေးမှူးချုပ်၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅)ဦးသန်းဌေး (ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၆)ဦးစစ်မြိုင် (မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်) | အဖွဲ့ဝင် |
| (၇)ဦးကြည် (မြန်မာနိုင်ငံကြက်ခြေနီအသင်း) | အဖွဲ့ဝင် |
| (၈)ဦးဘိုကြည်(နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း) | အဖွဲ့ဝင် |
| (၉)ဦးညိုထွန်း(နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်) | အဖွဲ့ဝင် |
| (၁၀)ဦးရဲအောင်(နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့) | အဖွဲ့ဝင် |
| (၁၁)ဦးသူရ(House of Media Entertainment) | အဖွဲ့ဝင် |
| (၁၂)ဦးစိုင်းညွန့်လွင်(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) | အဖွဲ့ဝင် |
| (၁၃)ဦးကိုကိုကြီး ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း) | အဖွဲ့ဝင် |
| (၁၄)ဦးဉာဏ်ဝင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) | အဖွဲ့ဝင် |
| (၁၅)ဦးလှမောင်ရွှေ Myanmar Egress | အဖွဲ့ဝင် |
| (၁၆) ဒေါက်တာဝင်းနိုင် (အမျိုးသားဒီမိုကရေစီအင်အားစု) | အဖွဲ့ဝင် |
| (၁၇) ဦးသိန်းညွန့် (အမျိုးသားဒီမိုကရေစီပါတီသစ်) | အဖွဲ့ဝင် |
| (၁၈) ဦးကောင်းမြင့်ထွဋ် (မြန်မာအမျိုးသားကွန်ဂရက်ပါတီ) | အဖွဲ့ဝင် |
| (၁၉) ဦးအောင်သိမ်း (ဒုဝန်ကြီး-သမ္မတရုံးဝန်ကြီးဌာန-၄) | အတွင်းရေးမှူး |

ကော်မတီ၏ ပထမဦးဆုံးအကြိမ်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) တွင် ပြုလုပ်ခဲ့သည်။

*ကော်မတီ၏ ရည်ရွယ်ချက်များမှာ နိုင်ငံရေး အကျဉ်းသားအဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ လွတ်ခွင့်ပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များ ညှိနှိုင်းရေးဆွဲခြင်း၊ လက်ရှိနိုင်ငံရေး အကျဉ်းသားများအား စိစစ်၍ လွတ်ပေးသင့်သူများအား လွတ်ပေးရေး ညှိနှိုင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်*

အစိုးရအဖွဲ့ဝင်များနှင့် အစကနဦးဆွေးနွေးမှုသည် ခက်ခဲပြီး တိုးတက်မှုမှာလည်း နှေးကွေးလှပါသည်။ ကော်မတီတွင်ပါရှိသော အစိုးရဘက်မှ ကိုယ်စားလှယ်များသည် အစည်းအဝေးအား ပုံမှန်မတက်ရောက်ပဲ မိမိတို့ဘက်မှ ထပ်တလည်းလည်း တောင်းဆိုသည့် နောက်ဆုံးရ သတင်းအချက်အလက်များ/နိုင်ငံရေးအကျဉ်းသားများ အခြေအနေနှင့် စာရင်းများအား ပြောဆိုရန် ပျက်ကွက်ခဲ့ပြီး သတင်းအချက်အလက်အဟောင်း နှင့် စာရင်းအဟောင်းများကိုသာ ပေးလေ့ရှိပါသည်။ နောက်ထပ် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအကျဉ်းသားအသစ်များအတွက် ကော်မတီ၏ အရေးပါမှုသည် အဓိကကျပါသည်။ မိမိတို့အေအေပီပီ ကိုယ်စားလှယ်မှ ကော်မတီ၏ အစည်းအဝေးများအား ပုံမှန်တက်ရောက်ခြင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့သို့ ခရီးအကြိမ်ကြိမ်ထွက်ရခြင်းဖြင့် အချိန်များစွာ ပေးခဲ့ရပါသည်။ ထိုအစည်းအဝေးများမှ မိမိတို့အေအေပီပီ အဖွဲ့ဝင်တစ်ချို့နှင့် မိမိတို့၏ လုပ်ဖော်ကိုင်ဘက်အခြားအဖွဲ့ဝင်များအတွက် သမ္မတ ရုံးအရာရှိများနှင့် လက်တွေ့ကျကျဆက်ဆံရေး တည်ဆောက်နိုင်ခွင့်များ ရရှိခဲ့ပါသည်။

မိမိတို့ အေအေပီပီ အနေဖြင့် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီနှင့် ပဏာမလုပ်ငန်းစဉ်များ လုပ်ကိုင်စဉ်အတွင်း ခက်ခဲခဲ့သော်လည်း ပြီးခဲ့သော တစ်နှစ်ကျော်ကာလတွင် ကော်မတီနှင့် ပူးပေါင်းလုပ်ဆောင်မှုသည် ပိုမိုလွယ်ကူခဲ့ပါသည်။ သို့သော်လည်း မိမိတို့အေအေပီပီအနေဖြင့်/ကော်မတီအနေဖြင့် အစိုးရအာဏာပိုင်များနှင့်ပူးပေါင်းပြီး နိုင်ငံရေးအကျဉ်းသား အရေးကိစ္စများကို ပိုမိုမြင့်တင်လုပ်ကိုင်ရာတွင် အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ် ဖွင့်ဆိုချက်ကို အားလုံး သဘောတူထားသည့်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ထိန်းသိမ်းခံနေရသည် ဆိုသည့်အချက်ကို ကော်မတီတွင် ပါရှိသော အစိုးရအဖွဲ့ဝင်များ၏ နိုင်ငံရေးအကျဉ်းသား အရေးကိစ္စအား လုံးဝအဆုံးသတ်ချင်နေမှု/နိုင်ငံရေးအကျဉ်းသာ လုံးဝမရှိတော့ပါဟု ပြောဆိုချင်နေမှုကို မိမိတို့အေအေပီပီ အပါအဝင် ကျန်ကော်မတီ အဖွဲ့ဝင်များမှ ကော်မတီ၏ လုပ်ပိုင်ခွင့်အရ အဆက်မပြတ် သတိပေးသွားမည်ဖြစ်သည်။

အေအေပီပီ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ (FPPS) နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) တို့မှ နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်အရ စာရင်းပြုစုထားသော နိုင်ငံရေးအကျဉ်းသားများ၏ အမည်များအား အာဏာပိုင်များ၏ အတည်ပြုချက်ယူကာ သမ္မတ ထံသို့တင်ပြခဲ့သည်။ ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံး ကော်မတီအနေဖြင့် ကျန်ရှိနိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးနိုင်ရန်အတွက် မည်သည့်အကျဉ်းသားများသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် အကျဉ်းကျခဲ့သည်ဆိုသည်ကို စိစစ်လုပ်ဆောင်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်အား ကျန်ရှိနိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီအဖွဲ့ဝင်များ အားလုံး ပဏာမ သဘောတူညီချက် ရရှိမှုသည် ကော်မတီအဖွဲ့ဝင်များအကြား စုစည်းမှုနှင့် ပူးပေါင်း လုပ်ဆောင်မှုကို ပြသသည့် ကော်မတီလုပ်ငန်းစဉ်များထဲမှ သိသာထင်ရှားသည့် ခြေလှမ်းတစ်လှမ်းဖြစ်ပါသည်။ လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီ၏ လုပ်ငန်းစဉ်များတွင် လုပ်ပိုင်ခွင့်များစွာနှင့်အတူ အကျိုးဖြစ်ထွန်းမှုများစွာ ရှိခဲ့ပြီး ထိုလုပ်ငန်းစဉ်များမှ အတူတကွပူးပေါင်းလုပ်ဆောင်ခွင့်နှင့် တစ်ဦးကိုတစ်ဦးမှ အသိအမှတ်ပြုမှုသည် လူထုအခြေပြုအဖွဲ့အစည်းများကြားတွင် လွန်စွာအရေးကြီးကြောင်း သိရှိစေပါသည်။

မိမိတို့အနေဖြင့် အစိုးရအာဏာပိုင်များနှင့် တိုက်ရိုက်အလုပ်လုပ်ကိုင်ခွင့် ရရှိခြင်းသည် အစိုးရအား လက်ကျန်နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးကိစ္စကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းနိုင်သလို အစိုးရနှင့် အေအေပီပီအပါအဝင် ကျန်ကော်မတီဝင်များ ဆွေးနွေးနိုင်ရေးကိုလည်း လုပ်ဆောင်ကာ အခြား ကော်မတီအဖွဲ့ဝင်များမှလည်း နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွှတ်မြောက်ရေးအတွက် ကူညီထောက်ပံ့မှုများ လုပ်ဆောင်နိုင်ခဲ့ပါသည်။

အဖွဲ့အစည်းတစ်ခုအနေဖြင့် မိမိတို့အေအေပီပီသည် သင့်တော်မှန်ကန်ဆုံးနှင့် လတ်တလောရရှိထားသော သတင်းများကို ကော်မတီသို့ ပေးပို့နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မိမိတို့၏ ကွန်ရက်မှလည်းကောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ နိုင်ငံရေးအကျဉ်းသားအရေးနှင့် ပတ်သက်သောသတင်းများအား စုဆောင်းသည့်အဖွဲ့မှလည်းကောင်း၊ ယုံကြည်စိတ်ချရပြီး မှန်ကန်သည့် သတင်းအချက်အလက်များနှင့် နိုင်ငံရေးအကျဉ်းသားတို့၏ အချက်အလက်အသေးစိတ်များကို ကော်မတီသို့ ပေးပို့နိုင်ခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားများ၏ နိုင်ငံရေးလှုပ်ရှားမှုများ၊ ထိုသူတို့၏ ဖမ်းဆီးခံရမှုများနှင့် ပတ်သက်ပြီး ယုံကြည်စိတ်ချရသော သတင်းများကို ပေးနိုင်သည့် နိုင်ငံရေးအကျဉ်းသားများ၊ ၎င်းတို့၏မိသားစုများနှင့် မိမိတို့အေအေပီပီသည် ခိုင်မာသည့်အဆက်အသွယ်ရှိပြီး နိုင်ငံရေးအကျဉ်းသား တစ်ဦးချင်းစီ၏ အမှုများအကြောင်း ဆွေးနွေးရာတွင်၎င်း နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရန် အမည်စာရင်းများ တင်သွင်းရာတွင်၎င်း ထိုသတင်းအချက်အလက်များသည် လွန်စွာအသုံးဝင်လှပါသည်။

အေအေပီပီ နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့သည် ကော်မတီ၌ အဓိက အခန်းကဏ္ဍတွင် ပါဝင်သဖြင့် မြန်မာနိုင်ငံတွင် လက်ရှိကာလအထိ ထိန်းချုပ်ကန့်သတ်ထားသော နယ်မြေများတွင် မည်သို့ဖြစ်ပျက်နေသည်ကို ပိုမိုထင်သာမြင်သာ ရှိရေး၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် အကျဉ်းထောင်များ အတွင်းသို့ သွားရောက်လေ့လာနိုင်ရေး၊ လက်ရှိအကျဉ်းကျနေသော နိုင်ငံရေးအကျဉ်းသားများ၏ သတင်းအချက်အလက်အသေးစိတ်များ အသိပေးနိုင်ရေးတို့ကို အစိုးရအာဏာပိုင်များအား တိုက်တွန်း တောင်းဆိုရန်အတွက် နေပြည်တော်သို့ အကြိမ်ကြိမ် ခရီးထွက်ရပါသည်။ လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီအနေဖြင့် လက်ရှိနိုင်ငံရေးအကျဉ်းသားများ၏ အမှုတွဲဖိုင်များအပါအဝင် နောက်ဆုံးရ သတင်းအချက်အလက်များ ရရှိရေးသည် အထူးလိုအပ်ပါသည်။ ကော်မတီအစည်းအဝေးတွင် ထိုကိစ္စရပ်များအတွက် ကုန်ကျစရိတ်များအကြောင်း ပြောဆိုဆွေးနွေးခဲ့သော်လည်း ကော်မတီမှ ခွင့်ပြုခြင်းမရှိခဲ့ပေ။ မိမိတို့မှ အဓိက ငွေကြေးအကုန်အကျခံမှုကြောင့် လက်ရှိကာလတွင် ထိုအမှုတွဲများအား ကော်မတီမှရရှိထားပါသည်။ အစိုးရအနေဖြင့် ကော်မတီနှင့် ၎င်း၏လုပ်ငန်းစဉ်များအား အမှန်တကယ် အသိအမှတ်ပြုကာ ဆက်လက် ပါဝင်လုပ်ကိုင်မည်ဆိုပါက အနာဂတ်ကာလ ကော်မတီ၏ အကျိုးဖြစ်ထွန်းမှုများကို ရည်မှန်းပြီး ၂၀၁၄ ခုနှစ်တွင် ထိုထက် ပိုမိုတိုးတက်စွာ လုပ်ဆောင်မည်ဟု မိမိတို့အေအေပီပီ အနေဖြင့် ဆုံးဖြတ်ထားခဲ့သည်။

မြန်မာအစိုးရမှ နိုင်ငံရေးအကျဉ်းသား မရှိတော့ကြောင်း ပြောဆိုနေသော်လည်း မြန်မာနိုင်ငံရှိအကျဉ်းထောင်များတွင် ယခုအချိန်အထိ နိုင်ငံရေးအကျဉ်းသား (၃၀) ဦး ကျန်ရှိနေပါသေးသည်။ ယခုအချိန်တွင် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်အား ကော်မတီတွင်ပါဝင်သော သမ္မတရုံးမှကိုယ်စားလှယ်များအပါအဝင် ကော်မတီအဖွဲ့ဝင်များအားလုံးမှ သဘောတူညီကြပါသည်။ ၂၀၁၄ ခုနှစ်တွင်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ကျန်ရှိနေသေးသည် ဆိုသည်ဘက်မှ အခိုင်အမာရပ်တည်သွားမည် ဖြစ်သလို ကျန်ရှိနိုင်ငံရေးအကျဉ်းသား (၃၀) ဦး လွှတ်မြောက်ရေးအတွက် ကော်မတီအနေဖြင့် ဆက်လက်ထောက်ခံလှုံ့ဆော်သွားမည်ဖြစ်သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ လွှတ်မြောက်ရေး အတွက်

အာဏာပိုင်များ ကတိတည်လုပ်ဆောင်ရန် ကော်မတီမှ ဆက်လက်ဆွေးနွေးကာ အာဏာပိုင်တို့၏ နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်အား သဘောတူညီမှုအပေါ် ဆက်လက်သတိပေးလုပ်ဆောင်သွားမည် ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားအရေးကိစ္စများနှင့် ပတ်သက်ပြီး မတူညီ အငြင်းပွါးဖွယ်ရာ အမြင်များ မကြာခဏဖြစ်ပေါ်ကာ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရှုပ်ထွေးသောအရေးကိစ္စများစွာအား ကော်မတီမှ ပုံမှန် မေးမြန်းဆွေးနွေးခဲ့ပါသည်။ မိမိတို့အနေဖြင့် ထိုကဲ့သို့အထူးအမှုတွဲများကို အစိုးရမှ အာရုံစိုက်လာစေရန် အားထုတ်ခဲ့ကြကာ ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ ထူးခြားသောအမှုတွဲများသည် နှစ်သစ်တွင် ကော်မတီမှ အဓိကထား လုပ်ဆောင်ရမည့် အချက်ပင်ဖြစ်သည်။



တွဲဖက်အတွင်းရေးမှူးကိုဘိုကြည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီအစည်းအဝေးတက်ရောက်နေစဉ်

အစိုးရမှ နိုင်ငံရေးအကျဉ်းသားမရှိတော့ကြောင်း မှားယွင်းစွာကြေညာသော်လည်း ကော်မတီ၏ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်မှုအရေးလုပ်ဆောင်မှုသည် အဆုံးမသတ်သေးပါ။ မြန်မာနိုင်ငံထောင်များအတွင်း ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် မိမိတို့အေအေပီပီ နှင့် မိမိတို့၏ လုပ်ဖေါ်ကိုင်ဘက်အဖွဲ့ဝင်များသည် အစိုးရအား ဆက်လက်တွန်း လှုံ့ဆော်လုပ်ကိုင်သွားမည် ဖြစ်သည်။

## စည်းရုံးလှုံ့ဆော်ခြင်း

၂၀၁၃ ခုနှစ်သည် အခက်အခဲ အကျပ်အတည်း တစ်ခုအဖြစ် ဆက်လက်ဖြစ်ပေါ်နေသော နိုင်ငံရေး အကျဉ်းသားများအရေးအား မိမိတို့အေအေပီပီအနေဖြင့် ပြည်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများအရေး ဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ ပိုမိုကောင်းမွန်စွာ လုပ်ကိုင်နိုင်ခဲ့သော အပြောင်းအလဲဖြစ်စေသော နှစ်တစ်နှစ်အဖြစ် သက်သေပြနိုင်ခဲ့ပါသည်။ ထိုလှုပ်ရှားမှုအသစ်များ လုပ်ဆောင်နိုင်ရန်အတွက် အကြောင်းပြချက်များ ရှိခဲ့ပါသည်။ မြန်မာအစိုးရ၏ မြန်မာပြည်သို့ပြန်လာရန် တားမြစ်ထားသူများ စာရင်းမှ အေအေပီပီ၏ အတွင်းရေးမှူး ကိုတိတ်နိုင်၊ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်တို့အပါအဝင် အမှုဆောင်များကို ပယ်ဖျက်လိုက်သောကြောင့် သူတို့နှစ်ဦးသည် မြန်မာနိုင်ငံသို့ မကြာခဏ လွတ်လပ်စွာပြန်လည်သွားရောက်နိုင်ပြီး မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံတကာမှ အထင်ကရပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံကာ အလုပ်များလုပ်ဆောင်နိုင်ခဲ့သည်။

သံရုံးများမှ သံအရာရှိများ၊ သံအမတ်များ စသဖြင့် နိုင်ငံတကာအဆင့် အရေးကြီးပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်းဖြင့်၎င်း၊ လူ့အခွင့်အရေးနယ်ပယ်တွင် စိတ်ဓာတ်အင်အားစေ့ဆော်မှု ပေးနိုင်ခဲ့သလို ကမ္ဘာ့နိုင်ငံရေးတွင် ထင်ရှားသည့် နိုင်ငံရေးသမား တစ်ဦးလည်းဖြစ်သည့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူး ကဲ့သို့သော လူပုဂ္ဂိုလ်တို့၏ မြန်မာနိုင်ငံတွင်းသို့ လာရောက်လည်ပတ် လေ့လာခြင်းတို့ကြောင့် မိမိတို့အေအေပီပီ အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားအရေးကိစ္စသည် နိုင်ငံတကာအစိုးရများ နှင့် လူ့အခွင့်အရေးလှုပ်ရှားသူများ၏ လုပ်ဆောင်ရမည့် အစီအစဉ်တွင် အရေးကြီး အစီအစဉ်တစ်ခုအဖြစ် သတ်မှတ်နိုင်ရန် လုပ်ဆောင်နိုင်ခဲ့သည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီတွင် ပါဝင်လုပ်ဆောင်ခြင်း နှင့် အစိုးရအာဏာပိုင်များနှင့် အကြိမ်ကြိမ်တွေ့ဆုံခြင်းတို့မှ နိုင်ငံရေးအကျဉ်းသား အရေးကိစ္စအား တိုက်တွန်းတောင်းဆိုနိုင်ခွင့်များ ရရှိလာခဲ့ပါသည်။ ထိုကဲ့သို့ တိုက်ရိုက်တွေ့ဆုံခြင်းဖြင့် နိုင်ငံရေးအကျဉ်းသားများ အခြေအနေအပြောင်းအလည်းအတွက် မြန်မာစိုးရနှင့် တွေ့ဆုံလုပ်ကိုင်ရာတွင် အခက်အခဲများကြုံတွေ့ပါက နိုင်ငံတကာအသိုင်းအဝိုင်းသို့ မိမိတို့မှ နောက်ဆုံးရ သတင်းမှန်သမျှအား ပုံမှန်နှင့် ချက်ခြင်း တိုက်ရိုက် ပေးနိုင်ခဲ့ပါသည်။ မိမိတို့အေအေပီပီမှ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးကိစ္စအား တက်ကြွစွာ ထောက်ခံပြောဆိုနိုင်ခဲ့ပြီး လွတ်ပေးမည့် နိုင်ငံရေးအကျဉ်းသားအမည်များကိုလည်း ဆွေးနွေးနိုင်ခဲ့ကာ လက်ရှိဖမ်းဆီးခံနေရသော နိုင်ငံရေးအကျဉ်းသား အရေအတွက်နှင့် ပတ်သက်ပြီး ပိုမိုတိကျခိုင်မာသော သတင်းအချက်အလက်များ ရရှိရန်အတွက် အကျဉ်းဦးစီးဌာန နှင့် အစိုးရအာဏာပိုင်များအား တိုက်တွန်းတောင်းဆိုမှုများ ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း ပိုမိုနေထိုင်နိုင်မှုကြောင့် ပြီးခဲ့သော ၂၀၁၃ ခုနှစ်အတွင်း အစိုးရအာဏာပိုင်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းပေါင်းစုံနှင့် ပိုမိုအားကောင်းသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့မှုသည် မိမိတို့အေအေပီပီမှ နိုင်ငံရေးအကျဉ်းသား အရေးကိစ္စအား တိုက်တွန်းလှုံ့ဆော် ပြောဆို လုပ်ဆောင်ရာတွင် အားကောင်းသော အနေအထားတစ်ရပ်ကို ဖြစ်စေပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးအား လွတ်လပ်စွာသွားရောက်လည်ပတ် လေ့လာနိုင်မှု၊ ပြည်တွင်းမှ လူ့အခွင့်အရေးလှုပ်ရှားသူများ၊ လူ့အခွင့်အရေးလှုပ်ရှားသော အဖွဲ့အစည်းများနှင့် တွေ့ဆုံနိုင်မှုတို့သည် မိမိတို့၏ ပြည်တွင်းကွန်ရက်အား ပိုမိုကျယ်ပြန့်စေကာ သတင်းအချက်အလက်များကိုလည်း ပိုမိုရရှိစေပါသည်။ ထိုသို့လုပ်ဆောင်နိုင်မှုသည် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအကျဉ်းသားဟောင်း မည်မျှနေထိုင်နေသနည်း ပညာရေး၊ ကျန်မာရေး နှင့် အလုပ်အကိုင်အခွင့်အလမ်းတို့ကဲ့သို့သော အခြေခံလူ့အခွင့်အရေးများကို ၎င်းတို့ မည်မျှရရှိနေပါသနည်းဆိုသည်တို့ကို သိရှိရန်အတွက် မိမိတို့၏ မှတ်တမ်းပြုစုခြင်းလုပ်ရပ်အား တိုးမြှင့်လုပ်ဆောင်ရန် သတင်းအချက်အလက်များကိုလည်း ရရှိစေပါသည်။

လက်ရှိအခြေအနေတွင် နောက်ဆုံးရသတင်းအချက်အလက်များဖြင့် ပြန်လည်ပြောင်းလဲပြင်ဆင်နေသော မိမိတို့အေအေပီပီ၏ အင်တာနက်စာမျက်နှာသည် မိမိတို့၏အင်တာနက်စာမျက်နှာအား ဖတ်ရှုသူတို့အတွက် နောက်ဆုံးရ သတင်းအချက်အလက်များကို သိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသား သတင်းအချက်အလက်များနှင့်

ပတ်သက်လာလျှင်လည်း စိတ်ချယုံကြည်ရဆုံး အင်တာနက်စာမျက်နှာအဖြစ် ရပ်တည်နိုင်ခဲ့သည်။ အေအေပီပီအင်တာနက်စာမျက်နှာအား လစဉ် ကြိမ်ရေ (၂၅၀,၀၀၀) ခန့် ဝင်ရောက်ကြည့်ရှုခဲ့သည်။ မိမိတို့၏ ဖေ့စ်ဘွတ် စာမျက်အား ၂၀၁၂ ခုနှစ်တွင် စတင်ပြုလုပ်အကောင်အထည် ဖော်ခဲ့ပြီး မိမိတို့၏ ဖေ့စ်ဘွတ်စာမျက်နှာအား ပျမ်းမျှခြင်း တစ်ပတ်လျှင် ကြိမ်ရေ (၁၀၀၀) ကျော်အထိ ကြည့်ရှုသူအရေအတွက် ရှိနေပါသည်။ သတင်းဌာနများမှလည်း နိုင်ငံရေးအကျဉ်းသား သတင်းအချက်အလက်များနှင့် ပတ်သက်လျှင် မိမိတို့အေအေပီပီ၏ ဖေ့စ်ဘွတ် နှင့် အင်တာနက်စာမျက်နှာသည် အရေးကြီးသော အဆက်အသွယ် (Link) တစ်ခုအဖြစ်ဆက်လက် အသုံးပြုနေကြပါသည်။

## သုတေသနနှင့် မှတ်တမ်းပြုစုခြင်း

၂၀၁၃ ခုနှစ်တွင်လည်း မိမိတို့အေအေပီပီမှ နိုင်ငံရေးအကျဉ်းသားအရေး သတင်းအချက်အလက်များကို ရနိုင်သမျှ သုတေသနပြုလုပ်ကာ ဆက်လက်ပြီး စုဆောင်းမှုများ ပြုလုပ်ခဲ့ပါသည်။ သတင်းဌာနများနှင့် လက်ခံရရှိလာသည့် သတင်းများအတွက် မိမိတို့၏ ပြည်တွင်းကွန်ရက်သို့ သတင်းပေးပို့သူများ၏ သတင်းအရင်းအမြစ်များကိုလည်း မှန်ကန်တိကျစေရန် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခဲ့သည်။ မိမိတို့၏ အခြေခံကျသော ရည်ရွယ်ချက်တစ်ခုအဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် စာနယ်ဇင်းနှင့် သတင်းဌာနများသို့ တိကျရှင်းလင်းသော သတင်းအချက်အလက်များကို သိရှိစေရန်မှာ မိမိတို့၏ အဓိကလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အစီရင်ခံစာထုတ်ပြန်သည့် အလုပ်ကိုလည်း မိမိတို့အဖွဲ့အစည်း၏ အဓိကလုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်ပြောင်းလဲနေသည့် မည်သည့် နိုင်ငံရေးအခြေအနေ ပြောင်းလည်းမှုမျိုးကိုမဆို မိမိတို့အေအေပီပီ၏ သုတေသနနှင့် မှတ်တမ်းပြုစုရေးအဖွဲ့မှ သတိကြီးစွာဖြင့် စောင့်ကြည့်လေ့လာနေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူတို့ ဆက်လက်ဖမ်းဆီးခံနေရမှုကိုလည်း စာရင်းပြုစုလျက်ရှိပါသည်။ လစဉ် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ မည်မျှ ဖမ်းခံခဲ့ရသည်၊ မည်မျှ ထောင်ချခံရသည်၊ မည်မျှ လွတ်မြောက်သည်ဆိုသည်နှင့် ကျန်းမာရေးမကောင်းသူအရေအတွက် မည်မျှရှိသည်ဆိုသည့် လစဉ်ကိန်းဂဏန်းကို စာရင်းပြုစုခဲ့သလို နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အရေအတွက်မည်မျှသည် တရားစွဲခံရသည်၊ မည်မျှ တရားရင်ဆိုင်နေရသည်ကိုပါ စာရင်းပြုစု မှတ်တမ်းတင်ခဲ့သည်။

ထိုသတင်းအချက်အလက်များအပေါ် မူတည်၍ လစဉ်နိုင်ငံရေးလှုပ်ရှားမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရမှုများ၊ နိုင်ငံရေးအကျဉ်းသားအခြေအနေများ၊ အကျဉ်းထောင်နှင့်ပတ်သက်သည့် အခြေအနေအဖြစ်အပျက်များ၊ နိုင်ငံရေး အကျဉ်းသား အခြေအနေအဖြစ်အပျက်များကို ရှင်းလင်းတိကျစွာ အစီအစဉ်အလိုက် လစဉ်ရေးသား ထုတ်ပြန်ခဲ့သည်။

စာတမ်းများ၊ စစ်တမ်း၊ အစီရင်ခံစာများအား ပြင်ဆင်ခြင်း၊ ရေးသားခြင်းနှင့် တင်ပြဆွေးနွေးခြင်းတို့သည်လည်း အေအေပီပီ ၏ အဓိကလုပ်ငန်းတစ်ခု ဖြစ်သည်။ ထို သတင်းအချက်အလက်မှတ်တမ်းများမှ ကောက်နုတ်၍ အာဏာပိုင်များအား တိုက်တွန်းတောင်းဆိုမှု များကိုလည်း ပြုလုပ်ခဲ့သည်။

အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များ နှင့် အင်တာနက်သတင်းများကို ရေးသားထုတ်ပြန်ရန်၊ မိမိတို့၏ အင်တာနက်စာမျက်နှာနှင့် အင်တာနက် လူမှုသတင်းစာမျက်နှာတွင် ထိုထုတ်ပြန်ချက်များကို ဖော်ပြရန်တို့အတွက် ရုံးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာနှင့် မီဒီယာများမှ နိုင်ငံရေးအကျဉ်းသားများများ အရေးကိစ္စ၊ လူ့အခွင့်အရေး ကိစ္စရပ်များကို နေ့စဉ် မေးမြန်းလာသည့် မေးခွန်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြေဆိုကြရသည်။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအား ကာကွယ်ရန် လုပ်ဆောင်နေကြသည့် နိုင်ငံတကာမှ များစွာသော သုတေသီများ၊ အကြံပေးများနှင့် အဖွဲ့အစည်းများ၏ အလုပ်များကို အေအေပီပီ၏သုတေသနနှင့် မှတ်တမ်းပြုစုခြင်းအဖွဲ့မှ များစွာ အထောက်အကူပြုစေသည်။



အေအေပီပီရုံးတွင် ခင်းကျင်းပြသထားသော ပြခန်း




အေအေပီပီရုံးတွင် ပြသထားသော ပြခန်းအား နိုင်ငံတကာမှ မြန်မာ့နိုင်ငံရေးစိတ်ဝင်စားသူများ လာရောက်လေ့လာစဉ်

## နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဆက်လက်ထောက်ခံအားပေးခြင်း

၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ အေအေပီပီ ရုံးသို့ နိုင်ငံတကာမှ လေ့လာသူ ငွေ့သည်ပေါင်း (၈၀၀) ကျော် လာရောက်လေ့လာခဲ့ပါသည်။ မဲဆောက်မြို့ရှိ အေအေပီပီ ရုံးတွင် နိုင်ငံရေးအကျဉ်းများ၏ အနုပညာလက်ရာများ၊ ဓါတ်ပုံမှတ်တမ်းများ၊ အကျဉ်းထောင်ပုံတူ ပုံစံငယ်များ၊ မြန်မာနိုင်ငံအကျဉ်းထောင်၏အခြေအနေများ၊ နိုင်ငံရေးအကျဉ်းသားများ၏ နေ့စဉ်ဖြတ်သန်းမှုဘဝများ၊ နိုင်ငံတကာမှ ချီးမြှင့်သော နိုင်ငံရေးအကျဉ်းသားများအား ဂုဏ်ပြုမှတ်တမ်းများ ကို ပြသထားသည့် ပြခန်းငယ်တခုကိုပါ ထည့်သွင်းပြသထားပါသည်။

ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဟောင်ကောင်၊ တရုတ်၊ ထိုင်း၊ ဩစတေးလျ နှင့် နယူးဇီလန် နိုင်ငံတို့မှ ကျောင်းသားများသည် မဲဆောက်မြို့ရှိ အေအေပီပီ ရုံးသို့လာရောက်လည်ပတ်ပြီး အေအေပီပီ မည်သို့ဖွဲ့စည်း ပေါ်ပေါက်လာပုံ၊ အေအေပီပီ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အေအေပီပီမှ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများအား မည်ကဲ့သို့ ထောက်ပံ့ကူညီနေပုံ စသဖြင့် အေအေပီပီ၏ လုပ်ငန်းစဉ်များအား လေ့လာခြင်း၊ ပြခန်းကြည့်ရှုခြင်း၊ အခြားသိလိုသည့်အချက်များကို မေးမြန်းခြင်း၊ ၎င်းတို့ကူညီနိုင်မည့် လုပ်ငန်းဆောင်တာများကို ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းခွင့် အဖွဲ့ကြီး၊ ဩစတေးလျသံရုံး၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်တားဆီးရေး အဖွဲ့ (the Association for the Prevention of Torture ) မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် လက်ခံတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ သတင်းထောက်များ၊ မှတ်တမ်းရုပ်ရှင် ဖန်တီးသူများ၊ ပညာရပ်ဆိုင်ရာ သုတေသီများနှင့် အခြားမြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားများအရေး စိတ်ဝင်စားသူများစွာသည် မဲဆောက်မြို့ရှိ အေအေပီပီ ရုံးသို့ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို ပိုမိုသိရှိနိုင်ရန် လာရောက်လေ့လာခဲ့ကြသည်။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ သတင်းထောက်များ၊ မှတ်တမ်းရုပ်ရှင်ဖန်တီးသူများ၊ ပညာရပ်ဆိုင်ရာ သုတေသီများနှင့် အခြားမြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများအရေး စိတ်ဝင်စားသူ များစွာသည်လည်း မဲဆောက်ရှိ အေအေပီပီ ရုံးသို့ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို ပိုမိုသိရှိနိုင်ရန် လာရောက်လေ့လာခဲ့ကြပါသည်။

နိုင်ငံတကာမှ မိတ်ဆွေများ၊ လာရောက်လေ့လာသူများ၏ ချစ်ကြည်ရင်းနှီးမှု ထောက်ခံအားပေးမှုတို့သည် မိမိတို့အေအေပီပီ၏ အလုပ်များအတွက် လွန်စွာအဖိုးထိုက်တန်လှပါသည်။ မိမိတို့အား ထောက်ခံအားပေး ကူညီသူ နိုင်ငံတကာမိတ်ဆွေများ၊ တဝင်းတို့၏အစိုးရများအပေါ် တွန်းအားပေးသည့် လုပ်ရပ်အပါအဝင် ကူညီလုပ်ဆောင်မှုများကြောင့် နိုင်ငံတကာအစိုးရများမှ မြန်မာအစိုးရအပေါ် ဖိအားများ၊ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုကဲ့သို့နိုင်ငံတကာမိတ်ဆွေများ၏ ထောက်ပံ့ကူညီမှုအား မိမိတို့အေအေပီပီ မှ ကြိုဆိုလိုက်ပြီး အနာဂတ်ကာလများထိတိုင် မိတ်ဆွေများအဖြစ် မိမိတို့နှင့် တစ်သားတည်း ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ခံအားပေးမှုများ အတွက်လည်း မိမိတို့မှ လှိုက်လှိုက်လှဲလှဲကျေးဇူး အထူးတင်ရှိပါသည်။

## အေအေပီပီနှင့်ပူးတွဲလုပ်ဆောင်နေသောအဖွဲ့အစည်းများ

အေအေပီပီသည် အခြားသော နိုင်ငံရေးအကျဉ်းသားများအရေး၊ လူ့အခွင့်အရေးတို့အတွက် လုပ်ဆောင်နေသော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်လည်း ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ သင်တန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ အချက်အလက်ကောက်ယူရေးလုပ်ငန်းများ၊ အမှန်တရားဖော်ထုတ်ရေးလုပ်ငန်းများ စသည့်လုပ်ငန်းများကို နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ ကွန်ရက် (အထက်ဗမာပြည်)၊ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်၊ International Center for Transitional Justice (ICTJ)၊ Project 2049၊ Johns Hopkin Btoomberg School of Public Health တို့နှင့် ပူးတွဲဆောင်ရွက်လျှက်ရှိပြီး အခြားအရပ်ဖက်အဖွဲ့အစည်းများ၊ ပါတီများနှင့်လည်း ပူးတွဲလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ထပ်မံတိုးချဲ့၍ လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

## ထောက်ပံ့ကူညီသူများနှင့် အလှူရှင်များ

မိမိတို့အား ငွေကြေးထောက်ပံ့ကူညီသူ အလှူရှင်များ မပါပဲ မိမိတို့အေအေပီပီ အနေဖြင့် ထိုအရေးပါလှသော တာဝန်ဝတ္တရားများကို လုပ်ဆောင်နိုင်ခဲ့မည် မဟုတ်ပါ။ မိမိတို့ စတင်ဖွဲ့စည်းသည့် ကာလမှစ၍ ကူညီထောက်ပံ့အားပေးခဲ့သည့် National Endowment for Democracy, The Open Society Foundation, The Prisoners of Conscience Fund, The Netherlands Embassy, Royal Norwegian Embassy in Thailand, Canada Fund, The Bureau of Democracy, Rights and Labor, People In Need and The Oak Foundation, အပြည်ပြည်ဆိုင်လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (ဆွီဒင်နိုင်ငံ) အပါအဝင် အခြားသော အလှူရှင်များ၊ မိမိတို့ တစ်နှစ်တာ ကာလ၏ လုပ်ငန်းစဉ်များအတွက် အခကြေးငွေမယူပဲ နည်းပညာအရ၊ အတတ်ပညာအရ ကူညီလုပ်ဆောင်ပေးခဲ့သူများအားလုံးကို မိမိတို့အေအေပီပီမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။ ထိုကူညီထောက်ပံ့အားပေးလုပ်ဆောင်သူများ၏ တန်ဖိုးရှိလှသော အကူအညီများမပါပဲ မိမိတို့လုပ်ဆောင်နေသည့် နိုင်ငံရေးအကျဉ်းသားများအား ကူညီထောက်ပံ့သည့်လုပ်ငန်းများမှာ လုံးဝ လုပ်ဆောင်နိုင်မည် မဟုတ်ပါ။

ထိုထောက်ပံ့ကူညီသူ အလှူရှင်များ၏ ငွေကြေးသည် နိုင်ငံရေးအကျဉ်းသား မိသားစုများဝင်များ၏ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးများအတွက်လည်းကောင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ တက္ကသိုလ်အဆင့် ပညာရေး အတွက်လည်းကောင်း ဆက်လက်သင်ကြားနိုင်ရန်အတွက် လွန်စွာအထောက်အကူပြု အကျိုးသက်ရောက်မှုရှိပါသည်။ မိမိတို့အလှူရှင်များ၏ အကူအညီမပါပဲ မိမိတို့အဆက်မပြတ် ပြုလုပ်နေသည့် ကူညီရေးအစီအစဉ်များ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အရေးပါလှသည့် နှစ်သိမ့်ဆွေးနွေးမှု ပြုလုပ်ပေးမည့် စိတ်ကျန်းမာရေးအစီအစဉ်များအား မိမိတို့အနေဖြင့် ဆက်လက်ပြုလုပ်နိုင်မည် မဟုတ်ပါ။ တဖန် ထိုအလှူငွေများသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ အမှုများအတွက် တရားရေးဆိုင်ရာကုန်ကျစရိတ်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် စားဝတ်နေရေးအတွက် လွန်စွာအထောက်အကူ ပြုပါသည်။ မိမိတို့အေအေပီပီမှ အထက်ပါ အလုပ်များကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အတွက် ငွေကြေး အားဖြင့်လည်းကောင်း အကြံဉာဏ်အားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း အဆက်မပြတ် ကူညီကြသည့် အဖွဲ့အစည်းများအား ကျေးဇူးအထူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါသည်။

မိမိတို့အနေဖြင့် ၂၀၁၃ ခုနှစ် တစ်လျှောက်လုံး ငွေကြေး လှူဒါန်းကူညီခဲ့ကြသည့် တစ်သီးပုဂ္ဂလ အလှူရှင်များအားလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ထိုတစ်သီးပုဂ္ဂလအလှူရှင်များ၏ ငွေကြေးအကူအညီသည် မိမိတို့အေအေပီပီ၏ နေ့စဉ်လုပ်ငန်းများလုပ်ဆောင်ရန်၊ ထိုအလုပ်များ ဆက်လက် လုပ်ကိုင်နိုင်ရန်အတွက် များစွာအထောက်အကူ ပြုပါသည်။

မိမိတို့အား ငွေကြေးထောက်ပံ့ကူညီသူ အလှူရှင်များအပြင် အခြားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch)၊ Freedom House, အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty International)၊ ယူကေနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံအရေး လှုံ့ဆော်ကူညီသူများ (Burma Campaign UK)၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာ့အရေးလှုံ့ဆော်သူများ (USCB) ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ်နှင့် ပြည်တွင်း/ပြည်ပမှ မိမိတို့၏ နိုင်ငံရေး အကျဉ်းသားအားလုံး အမြန်ဆုံးနှင့် ချွင်းချက်မရှိလွတ်မြောက်ရေး လုပ်ငန်းစဉ်များအတွက် အတူတကွ ပူးပေါင်းလုပ်ဆောင် ခဲ့ကြသူ အားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

## အမှုဆောင်နှင့် အချိန်ပြည့်ဝန်ထမ်းများ

ထိုင်း-မြန်မာ နယ်စပ် မဲဆောက်မြို့ရှိ မိမိတို့အေအေပီပီ ရုံးချုပ်တွင် အချိန်ပြည့်ဝန်ထမ်း (၁၄) ဦးရှိပါသည်။ ထိုအချိန်ပြည့်ဝန်ထမ်းများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်ကာ မိမိတို့အေအေပီပီရုံးချုပ်၏ ဆက်သွယ်ရေးကဏ္ဍ၊ ဘဏ္ဍာစီမံခန့်ခွဲရေးကဏ္ဍ၊ လူ့အခွင့်အရေးဆိုင်ရာသတင်းအချက်အလက်ပြုစုရေးကဏ္ဍ၊ နိုင်ငံရေးအကျဉ်းသားများအရေး ထောက်ခံမြှင့်တင်ခြင်းနှင့် သုတေသန ကဏ္ဍ၊ မြန်မာနိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်များ မှတ်တမ်းပြုစုရေး ကွန်ရက် နှင့် စိတ်ဓာတ်မြှင့်ရေးအစီအစဉ် စသည့် ကဏ္ဍများတွင် အသီးသီး အလုပ်လုပ်ကိုင်နေကြပါသည်။ ရန်ကုန်ရုံးတွင် (၂၅) ဦး၊ မန္တလေးရုံးတွင် (၅) ဦး အချိန်ပြည့် တာဝန်ယူ လုပ်ဆောင်လျှက်ရှိပါသည်။

မိမိတို့၏ အချိန်ပြည့်ဝန်ထမ်းများအပြင် အခကြေးငွေမယူပဲ မိမိတို့၏ အလုပ်များအား ကူညီလုပ်ကိုင်ပေးခဲ့ကြသည့် နိုင်ငံတကာမှ ဝန်ထမ်းများနှင့် မြန်မာလူမျိုး အလုပ်သင်ဝန်ထမ်း (၂) ဦးအားလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

မဲဆောက်ရုံးချုပ်ရှိ အလုပ်တာဝန်များအတွက် နိုင်ငံတကာမှ ကူညီလုပ်ဆောင်ပေးခဲ့ကြသည့် ဝန်ထမ်းများ၏ အတွေ့အကြုံ အကြံဉာဏ် အချိန်နှင့် ကြိုးစားအားထုတ်မှုများ မပါရှိပဲ မိမိတို့အနေဖြင့် ၂၀၁၃ ခုနှစ်၏ လုပ်ငန်းဆောင်တာများအား အောင်မြင်စွာ လုပ်ဆောင်နိုင်မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ မိမိတို့အေအေပီပီ အနေဖြင့် ထိုနိုင်ငံတကာမှ ကူညီလုပ်ဆောင်ပေးကြသည့် စေတနာရှင် ဝန်ထမ်းများအားလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားချင်ပါသည်။

## အနာဂတ် ခရီး

ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း နိုင်ငံရေးအကျဉ်းသားများအား ဆက်တိုက်လွှတ်ပေးခြင်းသည် ကြိုဆိုရမည်ဖြစ်သော်လည်း လွတ်မြောက်လာပြီးသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လတ်တလော လိုအပ်ချက်များသည်လည်း ပိုမိုများပြားသလို အကူအညီများ ပိုမိုလိုအပ်လာမည်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသား အများစုသည် အခြေခံပညာရေး၊ ကျန်းမာရေးနှင့် အခြေခံလူ့အခွင့်အရေး၊ နိုင်ငံသားတယောက်၏ ရပိုင်ခွင့်များအတွက် ဆက်လက်ငြင်းပယ် ခံနေရသည်။ ၎င်းတို့ထောင်ကျနေစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် နိုင်ငံရေး အကျဉ်းသားဟောင်းများသည် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့နေကြသည်။

မိမိတို့၏ ကူညီထောက်ပံ့ရေးအစီအစဉ်အတွင်းမှ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုများကို မိမိတို့ တတ်နိုင်သလောက် ကြိုးစားဆက်သွယ်ကာ ဆက်လက် ကူညီထောက်ပံ့သွားမည် ဖြစ်သည်။ ထိုထောက်ပံ့ကူညီရေး အစီအစဉ်များသည် ၂၀၁၄ ခုနှစ်တွင်လည်း ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်ပြီး၊ ကျန်းမာရေး ပညာရေးအခွင့်အလမ်းများနှင့် အစိုးရက တာဝန်ယူ လုပ်ကိုင်မပေးခဲ့ဘူးသည့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး ကူညီထောက်ပံ့ပေးမှုများကိုပါ လုပ်ဆောင်သွားမည်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများအား ကူညီထောက်ပံ့ပေးရန် ပျက်ကွက်နေမှုသည် ယခုလက်ရှိအုပ်ချုပ်ရေး၏ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပေါ် ထားရှိသည့် စိတ်သဘောထားကို ပြသရာရောက်ပြီး ထိုလုပ်ရပ်သည် အတိတ်မှ မှားယွင်းမှုများကို ပြုပြင်နိုင်ရန်အတွက်နှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် အစိုးရမှ လုပ်ဆောင်ရမည်အပိုင်းများကို ပျက်ကွက်ရာလည်းရောက်ပါသည်။ မိမိတို့ အေအေပီပီ အနေဖြင့် လက်ရှိနိုင်ငံရေး အကျဉ်းသားများနှင့်

နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ဆက်လက်ကူညီလုပ်ဆောင်ကာ ၎င်းတို့နှင့် ၎င်းတို့ မိသားစုဝင်များ၏ ဘဝတိုးတက်မြင့်မားရေးအတွက် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်။

အေအေပီပီမှ မြန်မာပြည်အတွင်း စိတ်ကျန်းမာရေး နှင့်ပတ်သက်သော ကူညီထောက်ပံ့သည့် အစီအစဉ် (MHAP) ကို တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်သည်။ မိမိတို့အနေဖြင့် ထိုအစီအစဉ်အားတိုးချဲ့လုပ်ကိုင်ရန် နှင့် ထိုအစီအစဉ်အတွက် မြန်မာပြည်တွင် အလုပ်လုပ်နိုင်မည့် ကြီးကြပ်ကွပ်ကဲသူ၊ ဆွေးနွေးနှစ်သိမ့်သူ နှင့် လေ့ကျင့်သင်ကြားပေးသူ အရေအတွက်ကိုလည်း တိုးမြှင့်ရန် စီစဉ်ထားပါသည်။ ယခုအခါတွင် မိမိတို့၏ စိတ်ကျမ္မာရေး ကူညီထောက်ပံ့ပေးမှု အဖွဲ့သည် နိုင်ငံရေးအကျဉ်းသားဟောင်းများအား ၎င်းတို့အတွက် စိတ်ဓါတ်ပိုင်းဆိုင်ရာ အထောက်အကူဖြစ်စေသည့် ပုံမှန်တွေ့ဆုံမှုများနှင့် နှစ်သိမ့်ဆွေးနွေးပေးမှုများ ပြုလုပ်နေပြီ ဖြစ်သည်။

အေအေပီပီ၏ ရပ်တည်ချက်သည် ယခင်အတိုင်း ဆက်လက်တည်ရှိနေမည်ပြီး မိမိတို့အနေဖြင့် ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများ ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေးနှင့် အကျဉ်းထောင်များအတွင်း လူသားဆန်စွာ ပြုမူဆက်ဆံခံရမှုများ ရရှိနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စီစစ်ရေးကော်မတီအတွင်း မိမိတို့ ပါဝင်လုပ်ဆောင်မှုသည် အစိုးရမှ "နိုင်ငံရေးအကျဉ်းသားဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်" အား တရားအသိအမှတ်ပြုရန် မျှော်မှန်းသလို ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်နိုင်ရေး ဆက်လက်တောင်းဆိုသွားနိုင်ရန် အတွက်ဖြစ်သည်။ အစိုးရမှ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမည်ဆိုသော သူတို့ပြောဆိုသည့် စကားအတိုင်း လုပ်ဆောင်လာရန် မိမိတို့အနေဖြင့် အစိုးရအား ဆက်လက် တိုက်တွန်း တောင်းဆိုသွားမည်ဖြစ်သည်။ မိမိတို့ အေအေပီပီ အနေဖြင့် နိုင်ငံရေးအကျဉ်းသားများအား ကူညီထောက်ပံ့ လုပ်ဆောင်ပေးသည့် မည်သည့်အဖွဲ့အစည်းများနှင့်မဆို ပိုမိုအားကောင်းစွာ လက်တွဲလုပ်ဆောင်သွားမည် ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အခန်းကဏ္ဍသည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် နှင့် မြန်မာနိုင်ငံသည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံဖြစ်ကြောင်း သေချာရန်အတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည်။ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံအဖြစ် အကူးအပြောင်းတွင် အမှန်တကယ် လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် တွေ့မြင်နိုင်ရေးအတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးမှုများ ရပ်တန့်ရန် နှင့် ၎င်းတို့၏ ဘဝရပ်တည်ချက်များကို အာမခံပေးနိုင်ရန်အတွက် ကူညီထောက်ပံ့ ပေးနိုင်မှုများသည် အဓိကကျလှပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ပြည်သူလူထုများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အာမခံချက်ပေးသည့် လူ့အခွင့်အရေးအတွက် အရေးကြီးလှသော နိုင်ငံတကာ ပဋိညာဉ် စာချုပ်၊ စာတမ်းများကို အစိုးရမှ အသိအမှတ်ပြု လိုက်နာ လိမ့်မည်ဟုလည်း မိမိတို့အေအေပီပီ မှ မျှော်လင့်မိပါသည်။ ။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

.

အကျဉ်းထောင်များအတွင်း ၎င်းတို့၏ ဘဝများအား စွန့်လွှတ်စတေး ခဲ့ကြသော နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ ဘဝများ၊ လွတ်လပ်ခွင့်များကို ပေးဆပ်ခဲ့ပြီး အခက်အခဲအကျပ်အတည်းများကြားမှ မြန်မာနိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေကြသူများအားလုံးကို မိမိတို့ အေအေပီပီမှ အသိအမှတ်ပြု မှတ်တမ်းတင်ရင်း ၎င်းတို့၏ ရည်မှန်းချက်ရောက်သည်အထိ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)မှ ဆက်လက် လုပ်ဆောင်သွားမည်ဟု ကတိပြုလိုက်သည်။